ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်၊ ဗုဒ္ဓဟူးနေ့ (3-8-2011) (၆၈၄၀)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဗီယက်နမ်နိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့် မစ္စတာ ထရွန်တန်ဆန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှု နိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး	☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး	☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
☆ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး	☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်အဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်ခြင်းခံရသည့် မစ္စတာ ငုယင်တန်ဇွန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

(သတင်းစဉ်)

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ဗီယက်နမ်နိုင်ငံ ဒုတိယသမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးထံမှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယသမ္မတအဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်ခြင်းခံရသည့် မဒမ် ငုယင် သီဒိုး ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဗီယက်နမ်နိုင်ငံ ဒုတိယသမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းထံမှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယသမ္မတအဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်ခြင်းခံရသည့် မဒမ် ငုယင် သီဒိုး ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ (သတင်းစဉ်)

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ အမျိုးသားရေးအသွင်ဖြင့် လှုပ်ရှားမည်

ပြည်သူလူထုအတွင်း အာဟာရအသိပညာ၊ အမူအကျင့် ပိုမိုတိုးတက်လာခြင်းနှင့်အတူ ကလေးများနှင့် အမျိုးသမီးများ၏ ကျန်းမာရေးနှင့် အာဟာရအခြေအနေ မြင့်မားလာမည်

နေပြည်တော် ဩဂုတ် ၂

အမျိုးသားရေးအသွင်ဖြင့် နှစ်စဉ်ကျင်းပသည့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှုကို ဩဂုတ်လ ပထမပတ်မှ စတုတ္ထပတ်အထိ ကျင်းပမည်ဖြစ်ပြီး ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်လှုပ်ရှားမှုများကို ဩဂုတ်လ ပထမပတ်တွင် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် လှုပ်ရှားမှုအနေဖြင့် အကြိမ်(၂၀)မြောက်ဖြစ်ပြီး အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုများသည် (၉)ကြိမ်မြောက်ဖြစ်ကြောင်း၊ ယနေ့မှစတင်၍ မြန်မာတစ်နိုင်ငံလုံး လွှမ်းခြုံပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အာဟာရဖွံ့ဖြိုးရေးသည် နိုင်ငံတော်၏ အခြေခံလိုအပ်ချက်တစ်ခုဖြစ်သည့်အတွက် ကျန်းမာရေးဝန်ကြီးဌာနသည် အာဟာရချို့တဲ့မှုများ လျော့နည်းပပျောက်ရေး၊ အာဟာရလွန်ကဲမှုပြဿနာ ကာကွယ်ရေး၊ အာဟာရပြည့်ဝမျှတစွာ စားသုံးတတ်သည့်ဓလေ့ ပိုမိုထွန်းကားလာရေး စသည့် ရည်မှန်းချက်များချမှတ်လျက် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိကြောင်း။

အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရန်အတွက် "အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ" ကျင်းပခြင်းဖြစ်ကြောင်း၊ ထို့အပြင် ဝိသေသ ရည်မှန်းချက်များအနေဖြင့် မွေးစမှ အသက်ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးရန်၊ ဗီတာမင်အေဆေးလုံးတိုက်ကျွေးခြင်းလုပ်ငန်း လွှမ်းခြုံမှုမြင့်မားစေရန်၊ အသက်(၂)နှစ်မှ (၅)နှစ်အောက် ကလေးများ၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**

ဗီတာမင်အေဆေးလုံးများ တိုက်ကျွေး

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် ဖွင့်ပွဲအခမ်းအနားအပြီးတွင် အသက် ခြောက်လမှ ငါးနှစ်အောက် ကလေးများအား ဗီတာမင်အေဆေးလုံးများ တိုက်ကျွေးစဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror
၃- ၈ -၂၀၁၁
(ဗုဒ္ဓဟူးနေ့)

မြန်မာ့ရိုးရာယဉ်ကျေးမှု ပုံရိပ်များ

အနုသုခုမဂီတပညာရပ်များကို ပျူခေတ်တွင် ပေထက်အက္ခရာတင်ခဲ့ကြောင်း တွေ့ရသည်။ ပျူမြို့ပြနိုင်ငံများမှ လက်ဆင့်ကမ်းသယ်ယူလာသော အနုသုခုမပညာရပ်များကို ပုဂံခေတ်တွင် နံရံဆေးရေးပန်းချီများအဖြစ် စတင်မှတ်တမ်းတင်ခဲ့ကြသည်။ မြန်မာ့ယဉ်ကျေးမှုအနုပညာရပ်များသည် သိမ်မွေ့ကျယ်ဝန်း နက်ရှိုင်းလှသည်။

ပုဂံခေတ်၏တေးဂီတများကို ခေတ်ပြိုင်ကျောက်စာများတွင် ဖော်ညွှန်းထားသည်။ ယနေ့အသုံးပြုနေကြသည့် ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်ဟူသည့် အခြေခံတူရိယာငါးမျိုးသည် ပုဂံခေတ်တွင် ထွန်းကားလာခဲ့ပြီး မြင်စိုင်းနှင့် ပင်းယခေတ်တွင် “ကာ” အကနှင့် ကာချင်းများ ထွန်းကားလာခဲ့သည်။ အင်းဝခေတ်တွင် မြန်မာ့သုခုမအနုပညာရပ်များသည် အထွန်းကားဆုံး ပြန့်ပွားခဲ့ညားခဲ့ပြီး ကုန်းဘောင်ခေတ်တွင် တောရော မြို့ပါမကျန် ခံစားကြည့်ရှုနိုင်ခဲ့ကြပြီဖြစ်သည်။

ခေတ်အဆက်ဆက်တွင် စာပေပညာရှိများက ပျို့၊ ကဗျာ၊ လင်္ကာများ သီကုံးဖွဲ့ဆိုခဲ့ကြသည်။ မြန်မာ့ဇာတ်သဘင်၊ ရုပ်စုံသဘင်ပညာရှင်များကလည်း အနုပညာရသ အလင်္ကာမြောက် တေးသီချင်း၊ ဇာတ်ထုပ်၊ ဇာတ်ကွက်အမျိုးမျိုးကို ဖန်တီးတင်ဆက် ဆက်လက်ထိန်းသိမ်းလာခဲ့ကြသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုသည် ရာစုနှစ်ပေါင်းများစွာကို ဖြတ်သန်းလာခဲ့ပြီး ခံ့ညားမှု၊ ထည်ဝါမှု၊ လှပ သိမ်မွေ့မှု၊ နိုင်ငံ့ဂုဏ်ရည်နှင့် အမျိုးသားရေးစိတ်ဓာတ်ကြီးမားမှု စသည့်ပုံရိပ်များသည် သုခုမအနုပညာရပ်များတွင် ထင်ဟပ်နေဆဲဖြစ်သည်။ မြန်မာ့မူ၊ မြန်မာ့ဟန်၊ မြန်မာဆန်သော အမျိုးသားရေး ယဉ်ကျေးမှုလက္ခဏာတို့ ဖော်ဆောင်နိုင်ဆဲဖြစ်သည်။

နိုင်ငံတော်က မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်မြှင့်တင်နေသည်။ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။ အဆိုပါ လုပ်ငန်းစဉ်များတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ နှစ်စဉ်ကျင်းပနေခြင်းသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည်။ ယခုနှစ်တွင် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နေပြည်တော်တွင် ကျင်းပတော့မည်။

မျက်မှောက်ခေတ် အနုသုခုမပညာရှင်များအနေဖြင့် ဘိုးဘေးအစဉ်အဆက် လက်ဆင့်ကမ်းသယ်ဆောင်လာခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ အရှည်တည်တံ့အောင် ထိန်းသိမ်းကြရပါမည်။ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းခြင်းသည် ခေတ်နောက်ပြန်ဆွဲခြင်းမဟုတ်ဘဲ ပိုမိုတိုးတက်မြင့်မားနေစေရေး ဆန်းသစ်တီထွင် ကြိုးပမ်းနေခြင်းဖြစ်သည်။ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေး အနုပညာရှင်များ သိုက်သိုက်ဝန်းဝန်း ပါဝင်ဆင်နွှဲကြရန် တိုက်တွန်းလိုက်ရပေသည်။ ။

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် အထက၊ အလက ငွေစုငွေချေးသမဝါယမအသင်းလီမိတက် ၂၀၁၀-၂၀၁၁ နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၃၀ ရက် နံနက် ၁၀ နာရီက အထက (၂) ကျောင်းခန်းမ၌ ကျင်းပရာ သဘာပတိ အသင်းဥက္ကဋ္ဌ ဦးအောင်သွင် အဖွင့်အမှာစကားပြောကြားစဉ်။ (၅၃)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂-၈-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၂၉. ၇၆၄၁	၀. ၀၃၃၆၀
တရုတ် (ယွမ်)	၆. ၄၃၉၁၀	၀. ၁၅၅၃၀
အိန္ဒိယ (ရူပီး)	၄၄. ၂၇၅၀	၀. ၀၂၂၅၉
မလေးရှား (ရင်းဂစ်)	၂. ၉၅၉၅၀	၀. ၃၃၇၈၉
စင်ကာပူ (ဒေါ်လာ)	၁. ၂၀၄၆၆	၀. ၈၃၀၁၁
ဂျပန် (ယန်း)	၇၇. ၃၃၄၇	၀. ၀၁၂၉၃
တောင်ကိုရီးယား(ဝမ်)	၁၀၅၁. ၀၂	၀. ၀၀၀၉၅
ယူရို	၀. ၇၀၄၃၁	၁. ၄၁၉၈၃
ဗြိတိသျှ (ပေါင်)	၀. ၆၁၄၇၂	၁. ၆၂၆၇၅

အင်တာနက်။

ပြည်သူ့သဘောထား

✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား ဧည့်အဖွဲ့များ သီးခြားစီ လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား Myanmar Tasaki Co.,Ltd. ဒါရိုက်တာ Mr. Shodai Tasaki နှင့်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ပုလဲထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်ထုတ်လုပ်ရေးနှင့် စပ်လျဉ်းသည့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ ဆွေးနွေးခဲ့ကြသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးအား Myanmar Pongpipat Co.,Ltd. ဥက္ကဋ္ဌ Mr.Sompong Chavaltanpipat နှင့်အဖွဲ့သည် နံနက် ၁၁ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ ခဲမဖြူသတ္တုတူးဖော်ထုတ်လုပ်ရေးနှင့်စပ်လျဉ်း၍ လုပ်ငန်းများ တိုးချဲ့ရေးနှင့် သန့်စင်သတ္တုများ တိုးမြှင့်ထုတ်လုပ်ရေးဆိုင်ရာတို့ကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲများသို့ သတ္တုတွင်းဝန်ကြီးဌာနအောက်ရှိ သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား Myanmar Tasaki Co.,Ltd. ဒါရိုက်တာ Mr. Shodai Tasaki နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။
(သတင်းစဉ်)

တပ်ကုန်းမြို့နယ်တွင် ကျောင်းဆောင်သစ်ဖွင့်

နေပြည်တော် ဩဂုတ် ၂

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း မက်(စ်)မြန်မာကုမ္ပဏီမှ ဆောက်လုပ်လှူဒါန်းသည့် ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁ ရက် မွန်းတည့် ၁၂ နာရီတွင် မြရတနာခန်းမ၌ ကျင်းပရာ တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ဦး၊ ဇဝက်လက်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ငွေ၊ နေပြည်တော်ကောင်စီဝင် ဦးသန်းအောင်၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေတို့ တက်ရောက်အားပေးကြသည်။

မြရတနာ ကျောင်းဆောင်သစ်အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးလူ၊ မက်(စ်)မြန်မာကုမ္ပဏီမိသားစု ဒုတိယဥက္ကဋ္ဌ ဦးအုန်းကျော်၊ ကျောင်းအုပ်ဆရာကြီး ဦးရွှေကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(ဝဲပုံ)** (ဝ၉၂)

နတ်မောက်၌ မိုးသည်းထန်စွာရွာသွန်း အထကကျောင်း အုတ်တံတိုင်း ပြိုကျပျက်စီး

နတ်မောက် ဩဂုတ် ၂

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်တွင် ဇူလိုင် ၃၁ ရက် ညနေ ၄ နာရီခွဲမှ ဩဂုတ် ၁ ရက် နံနက် ၄ နာရီခွဲအထိ မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် အောင်ဆန်းရပ်ကွက်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း တောင်ဘက်ခြမ်း ခြံစည်းရိုးအုတ်တံတိုင်း အခန်းပေါင်း ၄၀ ရှိသည့်အနက်မှ အကျယ် ခြောက် ပေ အမြင့် ငါးပေရှိသော အခန်းပေါင်း ၁၀ ခန်း ကာလတန်ဖိုး ငွေကျပ် ငါးသိန်းခန့် ပြိုကျပျက်စီးသွားကြောင်း သိရသည်။ (၅၈၀)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၃-၈-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၅ ၁။ နိုင်ငံတော်သီချင်း
၇း၁၀ ၂။ တရားတော်
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာ့ရှုခင်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၂ ၁။ နိုင်ငံတော်သီချင်း
၄း၀၃ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ အမျိုးသားရေးတေးကဗျာ
၄း၃၀ ၅။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၅၀ ၆။ လျှပ်တစ်ပြက်
၅း၀၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၈၇)**
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၁။ **Mail Box**
၆း၃၅ ၁၂။ ကာတွန်းအစီအစဉ် -ကြယ်တာရာမင်းသားလေး (အပိုင်း -၄၄)
၇း၀၀ ၁၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်းကြယ်တစ်စင်း (အပိုင်း-၃၅)**
၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ အမျိုးသားရေးတေးကဗျာ
၁၆။ ဒို့တာဝန်အရေး(၃)ပါး
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ ရယ်စရာပျော်စရာ ဟာသကမ္ဘာ-ရောဂါ (ပထမပိုင်း)(ကောင်းပြည့်၊ မျိုးမျိုးခိုင်၊ခင်လှိုင်၊ ဒိန်းဒေါင်နှင့် သရုပ်ဆောင်များ) [ဒါရိုက်တာ-စိန်လင်း (ပုံရိပ်ရွှေမြေ)]
၂၀။ အိုင်စီတီသုတ
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ထာဝရချစ်သူ(အပိုင်း-၄၀)**
၂၃။ ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်

အမှတ်(၃) အခြေခံပညာဦးစီးဌာန ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ကျောင်းပြင်ပမူလတန်းပညာရေးလုပ်ငန်း ဖွင့်ပွဲအခမ်းအနားတွင် တောင်ပိုင်းခရိုင်(ခ) ပညာရေးမှူး ဦးသန်းစိုး အမှာစကားပြောကြားစဉ်။ (ကြေးမုံ)

မြို့ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်

သထုံ ဩဂုတ် ၂

သထုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မြို့အထွက် မြို့ဝင်ဆိုင်းဘုတ်ရှိ ပန်းအိုးများ အတွင်း၊ အပြင် ပေါင်းမြက်များ ရှင်းလင်းခြင်းလုပ်ငန်းအား ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ခဲ့ရာ အမှုဆောင်အရာရှိ ဦးမြင့်သိန်းနှင့် ဒုတိယဦးစီးမှူး(သန့်)ဦးဝေယံလင်းတို့က ကြီးကြပ်ဆောင်ရွက်ခဲ့သည်။ (မြို့နယ်စည်ပင်)

* ရှေ့ဖုံးမှ

မူလတန်းကျောင်းသားအရွယ်ကလေးများနှင့် ကိုယ်ဝန် သုံးလအထက် အမျိုးသမီးများအား သန်ချဆေးတိုက်ကျွေးခြင်းလွှမ်းခြုံမှု မြင့်မားလာစေရန်၊ သံဓာတ်ဆေးပြား သောက်သုံးခြင်း၏ အကျိုးကျေးဇူးကို အမျိုးသမီးများ ပိုမိုနားလည်သဘောပေါက်လာစေရန်၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် နို့တိုက်မိခင်များ ဗီတာမင်(ဘီ-ဝမ်း) အရေးပါပုံကို ပိုမိုနားလည်ပြီး လိုလိုလားလား သောက်သုံးကြစေရန်၊ အရည်အသွေးပြည့်မီသော အိုင်အိုဒင်းဆား ထုတ်လုပ်စားသုံးမှု အရှိန်အဟုန်ကို မြင့်တင်ရန်၊ အသက်အရွယ်အလိုက် အာဟာရပြည့်ဝမျှတစွာ စားသောက်တတ်သည့်ဓလေ့ ပိုမိုထွန်းကားလာစေရန်တို့ဖြစ်ကြောင်းဖြင့် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည့် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် ဖွင့်ပွဲအခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ပြောကြားသည်။

ထို့ပြင် ယခုနှစ် ဆောင်ရွက်မည့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များတွင် (ပထမ)ပတ်ကို မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်၊ (ဒုတိယ)ပတ်ကို ငါးနှစ်အောက်ကလေးငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်၊ (တတိယ)ပတ်ကို ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်၊(စတုတ္ထ)ပတ်ကို အိုင်အိုဒင်းချို့တဲ့မှုပပျောက်ရေး ရက်သတ္တပတ်များအဖြစ် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ယခုကဲ့သို့ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ သတ်မှတ်ပြီး ဆောင်ရွက်ခြင်းကြောင့် ပြည်သူလူထုအတွင်း အာဟာရအသိပညာ၊ အမူအကျင့် ပိုမိုတိုးတက်လာခြင်းနှင့်အတူ ကလေးငယ်များနှင့် အမျိုးသမီးများ၏ ကျန်းမာရေးနှင့် အာဟာရအခြေအနေ ပိုမိုကောင်းမွန်မြင့်မားလာမည်ဖြစ်ကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံ အိုင်အိုဒင်းချို့တဲ့မှုပပျောက်ရေးဗဟိုကော်မတီအနေနှင့် ပိုမိုထိရောက်သည့် အရေးယူဆောင်ရွက်ခြင်းများကို လိုအပ်ချက်နှင့်အညီ ကျင့်သုံးသွားနိုင်ရန် လမ်းညွှန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့်လည်း ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနေကိုယ်စားလှယ် Dr.H.SB Tennakoon နှင့် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr.Ramesh M.Shrestha တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က မိခင်နို့တိုက်ကျွေးရေး အသိအမှတ် ဂုဏ်ပြုဆုရရှိသည့် မကွေးတိုင်းဒေသကြီး သင်ကြားရေးဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း) ကြို့ပင်စုတိုက်နယ်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) တရုတ်မှော်တိုက်နယ်ဆေးရုံနှင့် ကချင်ပြည်နယ် မြို့လှတိုက်နယ်ဆေးရုံတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က မိခင်နို့တိုက်ကျွေးရေး အသိအမှတ် ဂုဏ်ပြုဆုရရှိသည့် မိုင်းယောင်းမြို့နယ်ဆေးရုံ၊ ငွေဆောင်တိုက်နယ်ဆေးရုံ၊ မိုင်းမောတိုက်နယ်ဆေးရုံ၊ ထုံးအိုင်တိုက်နယ်ဆေးရုံနှင့် တောကျွဲအင်းတိုက်နယ်ဆေးရုံတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ်နှင့် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ်တို့က မိခင်နို့တိုက်ကျွေးရေး အသိအမှတ် ဂုဏ်ပြုဆု ဆေးရုံများနှင့် မြို့နယ်များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် အဆိုပါဝန်ကြီးရုံး၌ အသက် ခြောက်လမှ ငါးနှစ်အောက် ကလေး ၄၀ အား ဗီတာမင်အေ ဆေးလုံးများ တိုက်ကျွေးပြီး အမျိုးသမီးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်ဆေးပြားများ ဖြန့်ဝေပေးကြသည်။

အဆိုပါ အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့တို့မှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ဂုဏ်ပြုဆုရရှိကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ ကျန်းမာရေးဦးစီးဌာနမှူးများနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်ကို နှစ်စဉ်နှစ်တိုင်း ရည်မှန်းဦးတည်ဆောင်ရွက်မည့် လုပ်ငန်းဆောင်ပုဒ်တစ်ခုရွေးချယ်၍ ကျင်းပလေ့ရှိရာ ယခုနှစ်အတွက် လုပ်ငန်းဆောင်ပုဒ်မှာ Talk to Me! Breastfeeding-a 3D Experience? "ရင်သွေးငယ်တို့ကျန်းမာဖို့ ရိုင်းပင်းကူညီဆွေးနွေးလို့ မိခင်နို့ချိုတိုက်ကျွေးစို့"ဖြစ်သည်။ (သတင်းစဉ်)

အမှာစကားပြောကြား

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အနာဂတ်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက် ခရီးသွားလုပ်ငန်းနှင့် ဈေးကွက်မြှင့်တင်ရေး ဦးတည်ပြီး ဟိုတယ်ဇုန်များ ဖွဲ့စည်းထား

နေပြည်တော် ဩဂုတ် ၂

ယနေ့ကမ္ဘာတွင် Information Technology ဖွံ့ဖြိုးတိုးတက်နေပြီး Internet, Website တို့မှတစ်ဆင့် ဈေးကွက်မြှင့်တင်ကြော်ငြာခြင်း၊ ခရီးစဉ်များရောင်းချခြင်း၊ ဝန်ဆောင်မှုပေးခြင်းတို့ကို ဆောင်ရွက်နေကြသော်လည်း လူ့သဘောသဘာဝအရ ပိုမိုယုံကြည်စိတ်ချစွာ သွားလာလည်ပတ်လိုသော ခရီးသည်များသည် Tour Operator များ၊Travel Agency များ၏ ဝန်ဆောင်မှုများကို မှီခိုအားထားနေကြဆဲဖြစ်ကြောင်း၊ ထို့အတွက် ယနေ့ကျင်းပသည့် ဆွေးနွေးပွဲတွင် အဓိက Tour Operator များကိုပါ ဖိတ်ကြားပါဝင်စေကာ ၎င်းတို့၏ အတွေ့အကြုံ ဗဟုသုတများအပေါ် မူတည်သည့် အကြံပြုချက်များ၊ သုံးသပ်ချက်များဖြင့် အနာဂတ်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတွင် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားကြရန် အကြံပြုလိုပါကြောင်းဖြင့် ယနေ့မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရေး ဆွေးနွေးညှိနှိုင်းပွဲတွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ပြောကြားသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေး ဆွေးနွေးညှိနှိုင်းပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ယင်းဆွေးနွေးညှိနှိုင်းပွဲတွင် ပြည်ထောင်စုဝန်ကြီးက ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသည် စီးပွားရေးဝန်ကြီးဌာနတစ်ခု ဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံ၌ ခရီးသွားလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကမ္ဘာလှည့်ခရီးသည်များအတွက် အဘက်ဘက်က ပြည့်စုံသော အရည်အချင်းပြည့်ဝသည့် ခရီးစဉ်ဒေသတစ်ခုအဖြစ် ပေါ်ထွက်လာရေးစသည့် ဦးတည်ချက်များကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတွင် မရှိမဖြစ်အရေးပါသည့် ကဏ္ဍတစ်ရပ်ဖြစ်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သော လုပ်ငန်းကဏ္ဍများ၌ လုပ်ကိုင်ဆောင်ရွက်နေကြသည့် လုပ်သားများအတွက် ကျွမ်းကျင်မှုပိုမိုရှိစေရေး၊ ခရီးသည်များကို မှန်ကန်ပြီး အရည်အချင်းပြည့်ဝသည့် ဝန်ဆောင်မှုများပေးနိုင်ရေးတို့ကို ဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့၏ ဦးဆောင်မှုတို့ဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဆိုင်ရာ သင်တန်းများကို သက်ဆိုင်ရာခရီးစဉ်ဒေသအလိုက် စီစဉ်ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ထိုသို့ ခရီးသွားလုပ်ငန်းနှင့် ဈေးကွက်မြှင့်တင်ရေး လုပ်ငန်းများကို ပိုင်နိုင်ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဦးတည်ပြီး ဟိုတယ်ဇုန်များကို ဖွဲ့စည်းထားခဲ့ရာ ယခုအခါ နေပြည်တော်ဟိုတယ်ဇုန် အပါအဝင် စုစုပေါင်းဇုန် ၁၁ ခု ရှိပြီးဖြစ်ကြောင်းဖြင့်လည်း ပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာ့ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် နိုင်ငံခြားခရီးသည်ဝင်ရောက်မှု ပိုမိုတိုးတက်လာစေရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဌေးအောင်နှင့် တာဝန်ရှိသူများက ခရီးသွားလုပ်ငန်းပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး ကိစ္စရပ်များကို လည်းကောင်း ဆွေးနွေးတင်ပြကြသည်။ (သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ စပါးစိုက်ခင်းများအတွင်း ငါးမျိုးစိုက်ထည့်မွေးမြူခြင်း အခမ်းအနားကို ဇူလိုင် ၂၄ ရက်က မော်လမြိုင်ကျွန်းမြို့နယ် ဖူထီကျေးရွာ လယ်ယာကုန်ထုတ်အသင်း လယ်ယာမြေ၌ ကျင်းပရာ မြို့နယ်တာဝန်ရှိသူများ ထိုင်းငါးခုံးမကြီး ကောင်ရေတစ်သိန်းကို ရေလိန်ကျေးရွာ စပါးစိုက်ခင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးစဉ်။ (၃၆၄)

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးအား မလေးရှားနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်အား မလေးရှားနိုင်ငံ Texchem Resources Bhd ဥက္ကဋ္ဌ Mr.Tan Sri Fumihiko Konishi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံပြီး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးခဲ့ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် အမှတ်(၁)စက်မှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃-၈-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၀ ၂။ နံနက်ခင်းသတင်း
၇း၂၀ ၃။ FIFA U-20 WORLD CUP 2011 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ကိုလံဘီယာအသင်းနှင့် မာလီအသင်း)
၄။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ "ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက"
၄း၂၀ ၃။ တေးဂီတအစီအစဉ်
၄း၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - စတုတ္ထနှစ် (ဥပဒေအထူးပြု) (ဥပဒေပညာ)
၄း၄၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄း၅၅ ၆။ သီချင်းကြီးပဒေသာ
၅း၀၅ ၇။ ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
၅း၁၅ ၈။ "ငှက်တစ်သောင်း"
၅း၂၅ ၉။ International Science News
၅း၃၅ ၁၀။ ဆိုကြပျော်ရွှင်တေးသံစဉ်
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၃။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၆း၃၅ ၁၄။ ရွှေရင်ခုန်သံ
၇း၀၀ ၁၅။ မူဆယ်ဒေသအထွက်တိုးစပါး ဒေသဝမ်းစာပိုလျှံသွား
၇း၁၀ ၁၆။ "(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကြိုတင်ပြင်ဆင်မှုများ" (လှေလှော်)
၇း၃၀ ၁၇။ "စိမ်းမြခက်ဝေ"
၇း၄၀ ၁၈။ အေဝမ်းစိုးမြင့် ဝိုင်းသံစုံတူရိယာဖျော်ဖြေခန်း
၈း၀၀ ၁၉။ ပြည်တွင်းသတင်း
၂၀။ နိုင်ငံတကာသတင်းများ
၂၁။ မိုးလေဝသအခြေအနေ
၂၂။ "ပျော်ရွှင်ရင်ခုန်ပြကွက်စုံ"
၂၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသောမေတ္တာ" (အပိုင်း-၈၁)**
၂၄။ **ဇာတ်တော်ကြီးပြိုင်ပွဲ(ရုပ်စုံ) "ဣလ္လိသဒွိစိတ္တဇာတ်တော်" (ဒုတိယဆု) (ဇေယျာသီရိ ရုပ်စုံသဘင်ပြိုင်ပွဲ) (စစ်ကိုင်းတိုင်းဒေသကြီး)**
၂၅။ အစီအစဉ်ပြီး၏။

ဂျပန်နိုင်ငံတစ်ဝန်း၌ အယူသီးဂိုဏ်းတစ်ဂိုဏ်း၏အဆောက်အအုံကို အာဏာပိုင်များ စီးနင်းရှာဖွေ

တိုကျို ဩဂုတ် ၂

၁၉၉၅ ခုနှစ်က ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ မြေအောက်ရထားဘူတာရုံ၌ အာရုံကြောအဆိပ်ဓာတ်ငွေ့ဖြင့် တိုက်ခိုက်ခဲ့သော အယူသီးဂိုဏ်းတစ်ဂိုဏ်းက အသုံးပြုနေသည့် အဆောက်အအုံများကို ပြည်သူ့လုံခြုံရေးဆိုင်ရာ ထောက်လှမ်းရေးအေဂျင်စီမှ တပ်ဖွဲ့ဝင်များက ဩဂုတ် ၁ ရက်တွင် စီးနင်းတိုက်ခိုက်ခဲ့ကြောင်း ကျိုဒိုသတင်းဌာနက ဩဂုတ် ၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ပြည်သူ့လုံခြုံရေးဆိုင်ရာ ထောက်လှမ်းရေးအေဂျင်စီမှ တပ်ဖွဲ့ဝင် ၃၀၀ ခန့်သည် ဂျပန်နိုင်ငံတစ်ဝန်းရှိ အွမ်ရှင်ရီကျိုအယူသီးဂိုဏ်း၏ ရုံးခန်းများနှင့် ခန်းမများကို စီးနင်းရှာဖွေခဲ့ကြောင်း ကျိုဒိုသတင်းဌာနက ဖော်ပြသည်။

ရှိုကာအဆာဟာရာထူထောင်ခဲ့သော အယူသီးဂိုဏ်းကို အုပ်စုနှစ်စု ခွဲခြားထားပြီး အလီပါအုပ်စုနှင့် ဆာကယ်လ်အော့ဖ်ရိန်းဘိုးလိုက် အုပ်စုဟူ၍ ဖြစ်သည်။

၁၉၉၅ ခုနှစ် မတ် ၂၀ ရက်က တိုကျိုမြို့ရှိ မြေအောက်ရထားဘူတာရုံတစ်ရုံ၌ ခရီးသွားများဖြင့် စည်ကားနေချိန်တွင် အဆာဟာရာ၏ ညွှန်ကြားချက်အရ ၎င်း၏ဂိုဏ်းသားများက အာရုံကြော အဆိပ်ဓာတ်ငွေ့ဖြင့် အကြမ်းဖက်တိုက်ခိုက်ခဲ့ရာတွင် ၁၂ဦး သေဆုံးခဲ့ပြီး လူထောင်ပေါင်းများစွာ ထိခိုက်ခဲ့ရသည်။

အဆိုပါအမှုအတွက် အဆာဟာရာကို သေဒဏ်ပြစ်ဒဏ်အမိန့်ကျခံရန် စီရင်ချက်ချမှတ်ခဲ့ပြီး ၎င်း၏ နောက်ဆုံးအယူခံလွှာမှာ ပယ်ချခံခဲ့ရသည်။

အဆာဟာရာကို မည်သည့်နေ့ရက်၌ သေဒဏ်အမိန့်အရ အဆုံးစီရင်မည်ကို မသိရသေးပေ။

ရိုက်တာ။

ရုရှားအစိုးရလိုလားသော လူငယ်များ၏ စခန်းချစုဝေးပွဲ၌ ပါဝင်လှုပ်ရှားနေသူများကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ရုရှားနှင့် ဘီလာရုစ်နိုင်ငံပေါင်းစည်းရေး ဝန်ကြီးချုပ်ဗလာဒီမာပူတင် လိုလားထောက်ခံ

ဆီလီဂါ(ရုရှား) ဩဂုတ် ၂

ရုရှားနိုင်ငံနှင့် ယင်းနိုင်ငံအနောက်ပိုင်းရှိ အိမ်နီးချင်းနိုင်ငံဖြစ်သော ဘီလာရုစ်နိုင်ငံတို့ တစ်ခုတည်းသောနိုင်ငံအဖြစ်သို့ ပေါင်းစည်းရေးကို မိမိလိုလားထောက်ခံကြောင်း ရုရှားဝန်ကြီးချုပ်ဗလာဒီမာပူတင်က ဩဂုတ် ၂ ရက်တွင် ပြောကြားသည်။

စခန်းချစုဝေး

ရုရှားအစိုးရလိုလားသော လူငယ်များ၏စခန်းချစုဝေးပွဲကို ဆီလီဂါရေအိုင်ကြီးဒေသ၌ ကျင်းပရာတွင် ဝန်ကြီးချုပ် ပူတင်က အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

ရုရှားနှင့် ဘီလာရုစ်နိုင်ငံတို့ ပေါင်းစည်းရေးကိစ္စ အထမြောက်ရန်မှာ ဘီလာရုစ်ပြည်သူများ၏ဆန္ဒအပေါ် မှီတည်နေကြောင်း ၎င်းက ပြောကြားသည်။

ဘီလာရုစ်နိုင်ငံ၏ စီးပွားရေးသည် ပြဿနာများနှင့် ကြုံတွေ့နေရချိန်တွင် ပူတင်၏ ယင်းကဲ့သို့ မှတ်ချက်ပြုပြောကြားမှုကြောင့် အများက အံ့အားသင့်ကြရသည်ဆို၏။

ဘီလာရုစ်နိုင်ငံသည် စီးပွားရေးပြဿနာများမှ ရုန်းထွက်နိုင်ရန် ရုရှားထံမှ အရေးပေါ်ချေးငွေများ လိုအပ်နေကြောင်း၊ ယင်းနိုင်ငံတွင် အစိုးရက စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို လုပ်ကိုင်ရန်လိုအပ်ကြောင်း စီးပွားရေးပညာရှင်များက ပြောကြားကြသည်။

ရိုက်တာ။

အစ္စရေးနှင့် လက်ဘနွန်နယ်စပ်၌ အပြန်အလှန်ပစ်ခတ်

ဂျေရုဆလင် ဩဂုတ် ၂

အစ္စရေးနှင့် လက်ဘနွန်တို့အကြား ရန်ပြုမှုဆီသို့ အလွယ်တကူပြောင်းလဲသွားစေနိုင်သည်အထိ တင်းမာလျက်ရှိသည့် နယ်စပ်၌ နှစ်နိုင်ငံတပ်ဖွဲ့များသည် ဩဂုတ် ၁ ရက်တွင် ခေတ္တမျှ အပြန်အလှန် ပစ်ခတ်ကြသည်။

နှစ်ဖက်တာဝန်ရှိသူတို့က အသေအပျောက်မရှိကြောင်း ပြောကြား၍ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် အပြစ်တင်ကြသည်။

၎င်းတို့ပိုင်ဆိုင်သည့် နယ်မြေအတွင်း ပုံမှန်အတိုင်း ကင်းလှည့်လျက်ရှိသော ၎င်းတို့၏တပ်ဖွဲ့ဝင်များကို လက်ဘနွန်အစိုးရတပ်ဖွဲ့က ပစ်ခတ်ခဲ့ကာ ပြန်လည်တုံ့ပြန်ပစ်ခတ်စေရန်အတွက် ရန်စခဲ့ကြောင်း အစ္စရေးစစ်ဘက်က ပြောကြားသည်။

အစ္စရေးတပ်ဖွဲ့သည် လက်ဘနွန်နိုင်ငံပိုင်နက်နယ်မြေအတွင်းသို့ ခဏတာမျှဝင်ရောက်လာသည့်အတွက် ပစ်ခတ်မှုများ ဖြစ်ပွားခြင်းဖြစ်သည်ဟု လက်ဘနွန်စစ်ဘက်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ အမည်မဖော်လိုသူ တာဝန်ရှိသူတစ်ဦးက လက်ဘနွန်နိုင်ငံ၏ အရှေ့တောင်ပိုင်း ဝါဇာနီမြစ်အနီးတွင် တိုက်ပွဲဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ နယ်မြေတွင် သေနတ်သံများ တိတ်ဆိတ်ငြိမ်သက်သွားပြီဖြစ်ကြောင်း လက်ဘနွန်နိုင်ငံအတွင်းရှိ ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ နီရာဆင်းက ပြောသည်။

ယင်းပစ်ခတ်မှုသည် မည်ကဲ့သို့ဖြစ်ပွားခဲ့ရကြောင်းကို ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့က စတင်စုံစမ်းနေပြီဟု ဆင်းက ထပ်မံပြောကြားသည်။

လွန်ခဲ့သည့်ငါးနှစ်ခန့်က အစ္စရေးနှင့် လက်ဘနွန် ဟစ်ဇ်ဘိုလာချ်အဖွဲ့တို့အကြား တစ်လကြာစစ်မက်ဖြစ်ပွားခဲ့ပြီးနောက် ဤဖြစ်ရပ်က တည်ငြိမ်မှုမရှိသေးသော နယ်စပ်ဒေသကို တင်းမာမှုများ ထပ်မံပေါ်ပေါက်စေရန် မီးမွှေးပေးသကဲ့သို့ဖြစ်သည်။

အေပီ။

အမေရိကန်ပြည်ထောင်စု တင်နက်ဆီပြည်နယ်မှ မိသားစုတစ်စုသည် အဝေးပြေးလမ်းမကြီးတစ်ခုပေါ်၌ ခရီးနှင်ခဲ့စဉ် ကားအင်ဂျင်စက်ဖုံးပေါ်၌ မျှော်လင့်မထားသည့် ခရီးသည်မြွေကြီးကို ဤသို့ တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့အခြောက်သွေ့ဆုံး သဲကန္တာရဒေသ၌ အစိုစွတ်ဆုံး ဆောင်းဥတုကို ဖြတ်သန်း

ဆန်တီယာဂို ဩဂုတ် ၂

ကမ္ဘာပေါ်ရှိ သဲကန္တာရများအနက် အခြောက်သွေ့ဆုံးဖြစ်သော ချီလီနိုင်ငံမြောက်ပိုင်း သဲကန္တာရတွင် ဆယ်စုနှစ်ပေါင်းအတန်ကြာကာလအတွင်း အစိုစွတ်ဆုံးဆောင်းဥတုကိုဖြတ်သန်းလျက်ရှိကြောင်း အစိုးရအထက်တန်းတာဝန်ရှိသူတစ်ဦးက ဩဂုတ် ၂ရက်တွင် ပြောကြားသည်။

ချီလီမြောက်ပိုင်းသဲကန္တာရ၌ ယခင်က မစို့မပို့မျှသာ မိုးရွာသွန်းခဲ့သဖြင့် နေရာအချို့၌ သဘာဝပတ်ဝန်းကျင် အကြီးအကျယ်ပျက်စီးခဲ့ရပြီးနောက် ဆီးနှင်းနှင့် မိုးရွာသွန်းမှုတို့ ပြန်လည်ဖြစ်ပေါ်လာသဖြင့် ဒေသပေါက်ရောက်ပင်များဖြင့် ပြန်လည်စိမ်းလန်းစိုပြည်လာမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ အရေးပေါ်လုပ်ငန်းများရုံးအကြီးအကဲ ဗင်းဆင့်ချ်နက်က ပြောကြားသည်။

ဇူလိုင်လအတွင်း ပျမ်းမျှမိုးရေချိန်၏ ငါးဆအထိ မိုးပိုမိုရွာသွန်းခဲ့ပြီး သဲကန္တာရနယ်မြေများ၌ ဆီးနှင်းများလည်း ကျဆင်း ခဲ့သည်။

မြောက်ပိုင်းသဲကန္တာရဒေသ၌ လွန်ခဲ့သည့် ရက်သတ္တပတ်က ဆီးနှင်းသည်းထန်စွာ ကျဆင်းခဲ့သဖြင့် အဝေးပြေးလမ်းများ ပိတ်ဆို့ခဲ့ရပြီး နေအိမ်အချို့ ပျက်စီးခဲ့ရသည်။

ဆီးနှင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် တောင်တန်းများဒေသ၌ ဆီးနှင်းထုတစ်မီတာအမြင့်အထိ ဖုံးလွှမ်းခဲ့သည်။

ဆီးနှင်းမုန်တိုင်းတိုက်ခတ်စဉ် လမ်းခုလတ်၌ ပိတ်မိနေသော နိုင်ငံခြားသားဧည့်သည်များကို ကယ်တင်ပေးခဲ့ရကြောင်း အရေးပေါ်လုပ်ငန်းများရုံးအကြီးအကဲက ပြောကြားသည်။

အင်တာနက်။

ပနားမားတွင် ဘိန်းဖြူတန်ဝက် ဖမ်းမိ

ပနားမားစီးတီး ဩဂုတ် ၂

ပနားမားရဲတပ်ဖွဲ့သည် ကာရစ်ဘီယံကမ်းခြေတွင် ဘိန်းဖြူတန်ဝက် ဖမ်းဆီးရမိခဲ့ရာ နိုင်ငံ့သမိုင်းတွင် အများဆုံးဖမ်းမိခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက တနင်္လာနေ့တွင် ပြောကြားသည်။

စနေနေ့တွင် နယ်စွန်နယ်ဖျား ပင်လယ်ကမ်းနားမြို့ ဂိုဘဲယားရှိလမ်းမပေါ်၌ လူမရှိဘဲရပ်ထားသည့် ထရပ်ကားတစ်စီးပေါ်မှ ဘိန်းဖြူများကို ရဲတပ်ဖွဲ့က တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အစိုးရရှေ့နေ ဂျေဗီယာကာရာဘာလိုက ပြောကြားသည်။

တစ်ထုပ်လျှင် တစ်ကီလိုဂရမ်ခန့် အလေးချိန်ရှိသည့် ဘိန်းဖြူအထုပ်ပေါင်း ၆၃၉ ထုပ်ကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

တောင်အမေရိကမှ သင်္ဘောဖြင့်တင်ဆောင်၍ မြောက်အမေရိကသို့ ဦးတည်ထွက်ခွာလာခြင်းဖြစ်ကြောင်း ကာရာဘာလိုက အသေးစိတ်အချက်များကို ထုတ်ဖော်ပြောဆိုခြင်းမပြုဘဲ ပြောကြားသည်။

မူးယစ်ဆေးဝါးဂိုဏ်းများသည် အများအားဖြင့် အမေရိကအလယ်ပိုင်း၌ လှုပ်ရှားလေ့ရှိကြပြီး ငွေကြေးခဝါချရန်နှင့် မူးယစ်ဆေးဝါးများကို သင်္ဘောတင်နိုင်ရန်အတွက် ဤဒေသကို ပိုမိုအသုံးပြုလာခဲ့ကြသည်။

အေပီ။

ဘိန်းဖြူထုပ်များကို ကားပေါ်တင်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကရာချိမြို့တွင် အကြမ်းဖက်မှုဖြစ်ပွား ၃၄ ဦးသေဆုံး

အစ္စလာမ္မာဘတ် ဩဂုတ် ၂

ပါကစ္စတန်နိုင်ငံ ဆိပ်ကမ်းမြို့ ကရာချိတွင် အင်္ဂါနေ့က လူမျိုးရေးနှင့် နိုင်ငံရေးအကြမ်းဖက်မှုများဖြစ်ပွားရာ ၂၄ နာရီအတွင်း ၃၄ ဦးသေဆုံးခဲ့သဖြင့် ပြည်ထဲရေးဝန်ကြီး ရာမန်မာလစ်ခ်ကို ယင်းမြို့သို့ စေလွှတ်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဩဂုတ် ၁ ရက်က ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုကြောင့် ၂၉ ဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိခဲ့ကြသည်။ အင်္ဂါနေ့ နံနက်စောစောပိုင်းတွင် လူငါးဦးမှာ အသေပစ်သတ်ခြင်းခံခဲ့ရသည်။

စီးပွားရေးအချက်အချာကျသော မြို့တွင်းနေရာအနှံ့အပြားတွင် ကားစီးရေ ၆၀ ခန့် မီးရှို့ဖျက်ဆီးခြင်းခံခဲ့ရသည်။

အဆိုပါ အကြမ်းဖက်မှုဖြစ်ပွားရာနေရာသို့ ပြည်ထဲရေးဝန်ကြီး ရာမန်မာလစ်ခ်ရောက်ရှိလာပြီး သက်ဆိုင်ရာပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးကြောင်း၊ ဥပဒေကိုဖောက်ဖျက်ကျူးလွန်သူများအား အရေးယူနှိမ်နင်းသွားမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

ဆင်ဟွာ။

ဘင်္ဂလားဒေ့ရှ်တွင် ဘတ်စ်ကားနှစ်စီးခေါင်းချင်းဆိုင်တိုက် ၁၁ ဦးသေဆုံး

ဒါကာ ဩဂုတ် ၂

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာအရှေ့ဘက်မှ ၅၁ ကီလိုမီတာခန့်ကွာဝေးသော နာဆင်းဒီခရိုင်တွင် ခရီးသည်တင်ဘတ်စ်ကားနှစ်စီး ခေါင်းချင်းဆိုင်တိုက်မိရာ အနည်းဆုံး ၁၁ ဦးသေဆုံး၍ ၂၀ ကျော် ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ ယာဉ်တိုက်မှုသည် ဩဂုတ် ၂ ရက် နံနက် ၁၀ နာရီ မိနစ် ၂၀ ခန့်က ဖြစ်ပွားခြင်းဖြစ်ကြောင်း ၎င်းရဲအရာရှိက ပြောသည်။

ယာဉ်မတော်တဆမှုနှင့် ပတ်သက်သည့် အကြောင်းရင်းကို အသေးစိတ်မသိရသေးကြောင်း၊ ဒဏ်ရာရရှိသူများအား နီးစပ်ရာဆေးရုံဆေးခန်းများသို့ လျင်မြန်စွာ ပို့ဆောင်ပေးလိုက်ရကြောင်း ၎င်းကဖြည့်စွက်ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ် အင်ဂျင်နီယာနည်းပညာတက္ကသိုလ်မှ မကြာမီက သုတေသနပြုရာတွင် နိုင်ငံအတွင်း၌ ယာဉ်မတော်တဆမှုများကြောင့် လူဦးရေ ၁၀၀၀၀ မှ ၁၂၀၀၀ အထိ နှစ်စဉ် သေဆုံးရသည်ဟု ဆိုသည်။

ဆင်ဟွာ။

သံအမတ်ကြီး ဦးတင်ဦးအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ မွန်ဂိုလီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် ဩဂုတ် ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ဦးအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် မွန်ဂိုလီးယားနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး မြန်မာစာအဖွဲ့ဦးစီးဌာန အချိန်ပြည့်အဖွဲ့ဝင်ဆရာကြီးများအား တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရုံးအမှတ် (၅၂)ရှိ မြန်မာစာအဖွဲ့ဦးစီးဌာန အစည်းအဝေးခန်းမ၌ အချိန်ပြည့်အဖွဲ့ဝင် ဆရာကြီးများဖြစ်ကြသော ဦးမြင့်ကြည်၊ ဒေါက်တာ ထွန်းတင့်၊ ဦးစံလွင်နှင့် ဒေါက်တာခင်အေးတို့အား တွေ့ဆုံသည်။**(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် အချိန်ပြည့်အဖွဲ့ဝင် ဆရာကြီးများက မြန်မာစာအဖွဲ့ဦးစီးဌာနတွင် အချိန်ပြည့်အဖွဲ့ဝင်တိုးမြှင့်ဖြည့်ဆည်းပေးရန် တင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို စိစစ်ဖြည့်ဆည်းပေးရန် ဆွေးနွေးခဲ့သည်။ (သတင်းစဉ်)

Developer Conference (Yangon) 2011 တက်ရောက်ရန် စာရင်းပေးသွင်းနိုင်

ရန်ကုန် ဩဂုတ် ၂

Developer Conference (Yangon) 2011 ကို ဩဂုတ် ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ရန်ကုန်မြို့ မြန်မာအင်ဖိုတက်ခ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ အဆိုပါ Devcon တွင် နိုင်ငံတကာမှ ဖိတ်ကြားထားသော ပညာရှင်များနှင့် မြန်မာနိုင်ငံအတွင်းရှိ Industry တွင် ပါဝင်ဆောင်ရွက်နေကြသည့် Developer များက စာတမ်းများ ဖတ်ကြားဆွေးနွေးမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူများသည် ဩဂုတ် ၁၅ ရက် နောက်ဆုံးထား၍ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ် အဆောင်(၄) အခန်း(၄)ရှိ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၌ စာရင်းသွင်းမှတ်ပုံတင်ကြရန်နှင့် Online မှလည်း စာရင်းပေးသွင်းနိုင်သည်။ ထို့ပြင် Conference ကျင်းပသည့်နေ့တွင်လည်း လာရောက်တက်ရောက်နိုင်ကြောင်း သိရသည်။

အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း အဆောင်(၄) အခန်း(၄) မြန်မာအင်ဖိုတက်ခ် လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၆၅၂၂၇၆ နှင့် ၀၉-၇၃၀ ၈၀၀ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ပန်းတောင်းမြို့နယ် မဂ္ဂဇင်း ထုတ်ဝေမည်

ရန်ကုန် ဩဂုတ် ၂

ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)မှ နှစ်စဉ်ထုတ်ဝေလျက်ရှိသော ပန်းတောင်းမြို့နယ်မဂ္ဂဇင်း အမှတ်(၁၀)ကို ထုတ်ဝေမည်ဖြစ်ရာ စာမူပေးပို့လိုသူများသည် ဦးခင်စိုး(စာတည်းမှူး) စာပေဗိမာန်(၅၂၉) ကုန်သည်လမ်း ရန်ကုန်မြို့နှင့် ပန်းတောင်းမြို့တွင် ဆရာကြီး ဦးတင်ထွဋ်တို့သို့ ဩဂုတ် ၃၁ ရက် နောက်ဆုံးထား၍ ပေးပို့နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာ့မီးရထားဝန်ထမ်းများ၏ သားသမီးများအတွက် ထပ်ဆင့်ဂုဏ်ပြုလွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၂

၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားရှိ ဌာနအသီးသီးမှ တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဝန်ထမ်းများ၏ သားသမီးများအတွက် ဌာနတာဝန်ခံများသို့ ထပ်ဆင့်ဂုဏ်ပြုလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မြန်မာ့မီးရထား နေပြည်တော်ဘူတာကြီးရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ဦးဆောင်ညွှန်ကြားရေးမှူးက အမှာစကားပြောကြားပြီး ဌာနတာဝန်ခံများသို့ ဂုဏ်ပြုဆုငွေများ လွှဲပြောင်းပေးအပ်သည်။**(အောက်ပုံ)**

မြန်မာ့မီးရထားဝန်ထမ်းများ၏ သား၊ သမီးများမှာ ရိုးရိုးအောင်မြင်သူ ၄၀၀၊ တစ်ဘာသာဂုဏ်ထူးရှင် ၄၈ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၂၀ နှင့် သုံးဘာသာဂုဏ်ထူးရှင် ၁၈ ဦး စုစုပေါင်း ၄၈၆ ဦး ဖြစ်ပြီး ၎င်းတို့အတွက် ဂုဏ်ပြုဆုငွေကျပ် ၁၀၅၆၀၀၀၀ ကို ချီးမြှင့်ခဲ့သည်။

(သတင်းစဉ်)

မုတ်သုံလေ ဆက်လက်အားကောင်းမည်

နေပြည်တော် ဩဂုတ် ၂

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်)		မနက်ဖြန်အတွက်	
		အမြင့်ဆုံး	အနိမ့်ဆုံး	ခန့်မှန်းချက်	ရွာရန်ရာနှုန်း
၁	ကချင်ပြည်နယ်	၃၂	၂၅	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၁၀၀%
၂	ကယားပြည်နယ်	၂၄	၂၀	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၃	ကရင်ပြည်နယ်	၂၇	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၁၀၀%
၄	ချင်းပြည်နယ်	၂၃	၁၅	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၁၀၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၂၈	၂၂	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၁၀၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၃၃	၂၅	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်	၁၀၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၂၈	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၁၀၀%
၈	ပဲခူးတိုင်းဒေသကြီး	၂၇	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၁၀၀%
၉	မကွေးတိုင်းဒေသကြီး	၃၂	၂၄	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်	၁၀၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၃၇	၂၅	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၁၁	မွန်ပြည်နယ်	၂၇	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၁၀၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၂၈	၂၅	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၁၀၀%
၁၃	ရခိုင်ပြည်နယ်	၃၀	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၁၀၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၆	၁၈	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၃၄	၂၃	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၃၀	၂၃	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၂၉	၂၆	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၁၀၀%
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၂၈	၂၄	နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်	၁၀၀%
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၂၈	၂၅	မိုးတစ်ကြိမ် နှစ်ကြိမ်ထစ်ချုန်းရွာမည်	၁၀၀%
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၇	၂၅	နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်	၁၀၀%

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသ တိုင်းထွာချက် အကျဉ်းချုပ်	လွန်ခဲ့သော ၂၄ နာရီအတွင်းက ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ကျောက်ဖြူမြို့တွင် ၄ ဒသမ ၅၇ လက်မ၊ တောင်ငူမြို့တွင် ၃ ဒသမ ၇၈ လက်မ၊ သိမ်ဖြူမြို့နှင့် လောင်းလုံမြို့တို့တွင် ၃ ဒသမ ၄၃ လက်မစီ၊ ပဲခူးမြို့တွင် ၃ ဒသမ ၃၈ လက်မ၊ အမ်းမြို့တွင် ၃ ဒသမ ၂၇ လက်မ၊ မကွေးမြို့တွင် ၃ ဒသမ ၁၈ လက်မနှင့် မြင်းမူမြို့တွင် ၂ ဒသမ ၂၄ လက်မတို့ ဖြစ်ကြသည်။
ဘင်္ဂလားပင်လယ်အော်အခြေအနေ	ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေသည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေ	မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်	မုတ်သုံလေ ဆက်လက်အားကောင်းမည်။

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

သဲတော-ဝမ်းတွင်း အထက်တန်းကျောင်း မြတ်ဆရာပူဇော်မည်

ဝမ်းတွင်း ဩဂုတ် ၂

ဝမ်းတွင်းမြို့ သဲတော-ဝမ်းတွင်း အထက်တန်းကျောင်း၌ ပညာသင်ကြားပေးခဲ့ကြသော အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို အောက်တိုဘာ ၁၂ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် ယင်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ပူဇော်ကန်တော့ငွေနှင့် ပစ္စည်းများကို ထည့်ဝင်လှူဒါန်းလိုကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် ကိုသန်းမြတ်စိုး ဖုန်း-၀၉-၂၁၆၅၄၄၁၊ ကိုတင်ထွန်းအောင် ဖုန်း-၀၉-၄၇၁၀၉၀၅၃၊ ကိုမျိုးမင်းစိုး ဖုန်း-၀၉-၂၁၆၅၄၉၂၊ ကိုထွန်းလင်းအောင် ဖုန်း-၀၉-၂၁၆၆၂၃၆၊ ကိုဝင်းကို ဖုန်း-၀၉-၄၇၁၀၉၅၆၄၊ ကိုရဲထွဋ်ခိုင် ဖုန်း-၀၉-၄၇၁၀၉၀၈၁၊ ဦးပါကြီး ဖုန်း-၀၉-၄၉၂၁၉၀၀၃၊ ဒေါ်မြင့်မြင့်သန်း(ဒေါ်စူး) ဖုန်း-၀၆၄-၅၀၄၉၅၊ မခင်မူ ဖုန်း-၀၉-၂၁၆၅၁၉၂၊ ကိုဇော်လှိုင်(ရန်ကုန်) ဖုန်း-၀၉-၅၀၂၈၄၈၆၊ ကိုခင်မောင်သန်း(ရန်ကုန်) ဖုန်း-၀၉-၄၉၃၂၇၆၀၀၊ ဦးခင်မောင်ဝင်း (မန္တလေး) ဖုန်း-၀၉-၂၁၆၅၅၇၇ နှင့် ကိုကျော်စိုးလင်း (မန္တလေး) ဖုန်း-၀၉-၂၀၂၁၃၂၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၆၂၂)

ပညာရေးဝန်ထမ်းများ(ဂျီအီးစီ) သမဝါယမအသင်း အရပ်ရပ်ဆိုင်ရာ စည်းဝေး

နမ့်စန် ဩဂုတ် ၂

နမ့်စန်မြို့နယ် ပညာရေးဝန်ထမ်းများ (ဂျီအီးစီ)သမဝါယမအသင်းလီမိတက်၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်အတွက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၃၀ ရက် နံနက် ၁၀ နာရီက အမှတ်(၅) ရပ်ကွက် မူလတန်းလွန်ကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ထွန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်ခဲ့သော အသင်းသားများ၏ သား၊ သမီးများအား ပညာသင်ဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ (၆၆၇)

အနေ့းယာဉ်များ လိုင်စင်သက်တမ်းတိုး ဆောင်ရွက်မှုစစ်ဆေး

ရေကြည် ဩဂုတ် ၂

ရေကြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် အနေ့းယာဉ်များ လိုင်စင်သက်တမ်းတိုး ဆောင်ရွက်ပေးခြင်းအား ဒုတိယဦးစီးမှူး(အခွန်) ဒေါ်ခင်မြဝင်းနှင့် အမှုဆောင်အရာရှိ ဦးခင်မောင်သန်းတို့က ကြီးကြပ်ဆောင်ရွက်ကြသည်။ (မြို့နယ်စည်ပင်)

ကျန်းမာဖွံ့ဖြိုး ဉာဏ်ရည်တိုးဖို့ နို့အစစ်အမှန်သောက်သုံးစို့

နွားနို့သည် အာဟာရဓာတ်များ ကြွယ်ဝသည်။ လူသားများအတွက် မရှိမဖြစ်အရေးကြီးသည်။ နွားနို့တွင် ရေ၊ အဆီ၊ သကြား၊ အသားဓာတ် (ပရိုတိန်း)၊ ပြာ၊ သတ္တုဓာတ်နှင့် ဗီတာမင်ဓာတ်များပါဝင်သည်။ အဆီသည် နို့ရည်တွင် သေးငယ်သည့် အလုံးကလေးများအဖြစ် ပါဝင်သည်။ အဆီတွင် ဗီတာမင် A နှင့် D တို့ ပျော်ဝင်သည်။ အဆီပါဝင်မှုနှုန်းသည် တိရစ္ဆာန်မျိုးရိုး၊ ကျွေးမွေးသည့်အစာနှင့် နို့ရည်ထွက်ရှိမှုတို့၏အပေါ်တွင် မူတည်သည်။ ကျွဲနို့တွင် နွားနို့ထက် အဆီဓာတ်ပိုမိုပါဝင်ပြီး အဆီလုံးကြီးသဖြင့် အစာကြေညက်ခဲသည်။ ဆိတ်နို့တွင် အဆီလုံးသေးသဖြင့် ကြေညက်လွယ်သည်။

နို့ရည်တွင် ပရိုတိန်းဓာတ်သုံးမျိုး ပါဝင်သည်။ ကေဆီး(န်) (Casein)၊ လက်တိုဂလိုဗျူလင်နှင့် လက်အယ်လ်ဘူမင်တို့ဖြစ်သည်။ ကေဆီး(န်)ဓာတ်သည် နို့ရည်တွင်သာပါဝင်ပြီး ခန္ဓာကိုယ်ကြွက်သားများ တည်ဆောက်ရာတွင် အဓိကဖြစ်သည်။ နို့ထဲတွင် ကယ်လ်စီယမ်၊ ဖော့စဖရပ်၊ ဆိုဒီယမ်၊ ပိုတက်စီယမ်၊ ဇင့်၊ မဂ္ဂနီး၊ မဂ္ဂနီစီယမ်၊ အိုင်အိုဒင်း၊ အလူမီနီယမ်နှင့် ဆာလဖာဓာတ်တို့ပါဝင်သည်။ နို့ရည်တွင် ပါဝင်သော သတ္တုဓာတ်တို့မှာ သွားနှင့်အရိုးများကို သန်မာဖွံ့ဖြိုးစေသည်။ နို့ရည်တွင် သတ္တဝါများကျန်းမာဖွံ့ဖြိုးရေးအတွက် အရေးပါသည့် အဆီပျော်ဗီတာမင်များဖြစ်သည့် ဗီတာမင် A,D,E,K နှင့် ရေပျော်ဗီတာမင်များဖြစ်သည့် B Complex (ဗီတာမင် ဘီ-၁၊ ဘီ-၂၊ ဘီ-၆၊ နိုင်ယာစင်၊ ဘိုင်အိုတင်၊ ဖောလစ်အက်ဆစ်)နှင့် ဗီတာမင်စီတို့ ပါဝင်သည်။

သို့ဖြစ်၍ နွားနို့သည် အာဟာရဓာတ်ကြွယ်ဝသည်။ နေ့စဉ် နွားနို့တစ်ဖန်ခွက်သောက်ရုံဖြင့် ဗီတာမင်အားဖြည့်ဆေးများ သောက်သုံးရန်မလိုဘဲ အားအင် ပြည့်ဖြိုးနိုင်သည်။ ကျန်းမာစေသည်။ ကိုယ်ခံစွမ်းအားကောင်း၍ သာမန်ရောဂါများဖြစ်ပွားမှုမှ ကာကွယ်နိုင်သည်။

သို့သော် မြန်မာနိုင်ငံတွင် နို့သက်သက်သောက်သုံးမှု နည်းသေးသည်။ နို့ကို နို့ဆီအဖြစ်ချက်လုပ်၍ လက်ဖက်ရည်၊ ကော်ဖီအဖြစ်သာသောက်သုံးလေ့ရှိကြသည်။ နို့ထွက်ပစ္စည်းအဖြစ်လည်း မလိုင်မုန့်၊ မလိုင်ခဲ၊ ထောပတ်၊ ဒိန်ချဉ်၊ နို့ခြောက်အဖြစ်သာ ပြုလုပ်စားသုံးလေ့ရှိကြသည်။

နိုင်ငံတစ်နိုင်ငံရှိ လူမျိုးများ ခန္ဓာကိုယ်ကြံ့ခိုင်ဖွံ့ဖြိုးမှုသည် နိုင်ငံကာကွယ်ရေး၊ ကုန်ထုတ်စွမ်းအား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည်။ ပြည်သူပြည်သားများ သက်ရှည်ကျန်းမာမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို နိုင်ငံ၏တစ်မျိုးသားလုံး အသားတင်ထုတ်လုပ်မှုဖြင့်တိုင်းတာနိုင်သကဲ့သို့ နိုင်ငံသားတစ်ဦးချင်း၏ ဝင်ငွေ၊ မျှော်မှန်းနိုင်သည့် သက်တမ်း၊ တစ်မျိုးသားလုံး စာတတ်မြောက်မှု၊ ငါးနှစ်အောက်ကလေးငယ်များ သေဆုံးနှုန်းဖြင့် တိုင်းတာနိုင်သည်။

ထို့အတူ လူတစ်ဦး တစ်နှစ်စားသုံးသည့် နို့၊ အသား၊ ငါးနှင့် ဥတို့သည်လည်း နိုင်ငံရှိ ပြည်သူပြည်သားများ၏ ကျန်းမာရေးနှင့် နိုင်ငံဖွံ့ဖြိုးမှုအတွက် အညွှန်းကိန်းများအဖြစ် မှတ်ယူနိုင်သည်။ မြန်မာနိုင်ငံတွင် ၂၀၀၀-၂၀၀၁ ခုနှစ်က လူတစ်ဦး တစ်နှစ် နို့ ၉ ကီလိုဂရမ်၊ အသား ၁၄ ဒသမ ၇ ကီလိုဂရမ်၊ ငါး ၂၃ ဒသမ ၂ ကီလိုဂရမ်နှင့် ဥ ၄၆ လုံးသာ စားသုံးနိုင်ခဲ့သည်။ ၂၀၁၀-၂၀၁၁ ခုနှစ်တွင် နို့ ၂၆ ဒသမ ၃ ကီလိုဂရမ်၊ အသား ၃၂ ဒသမ ၁ ကီလိုဂရမ်၊ ငါး ၆၂ ကီလိုဂရမ်နှင့် ဥ ၁၂၇ လုံးအထိ တိုးတက်စားသုံးလာနိုင်ခဲ့သည်။ ထို့အတူ မြန်မာနိုင်ငံသားများ၏ မျှော်မှန်းနိုင်သည့် သက်တမ်းသည်လည်း ၁၀ စုနှစ်အတွင်း တိုးတက်လာခဲ့သည်။

မြန်မာနိုင်ငံတွင် ၂၀၁၀-၂၀၁၁ ခုနှစ် စာရင်းအရ ကျွဲ၊ နွားကောင်ရေ ၁၆ သန်းကျော်ရှိသည့်အနက် နို့စားကျွဲ၊ နွား ငါးသိန်းခန့်ပါဝင်သည်။ ၁၉၉၉-၂၀၀၀ ခုနှစ်တွင် နို့ပိဿာချိန် ၃၉၉ ဒသမ ၃၉ သန်း ထုတ်လုပ်နိုင်ခဲ့ပြီး ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ၉၈၁ ဒသမ ၃၇ သန်းအထိ တိုးတက်ထုတ်လုပ်နိုင်ခဲ့သည်။

မောင်အောင် (မွေးကု)

ပြည်သူများ၏ အသိပညာဖွံ့ဖြိုးတိုးတက်လာမှု၊ ငွေကြေးတိုးတက်သုံးစွဲလာနိုင်မှုတို့ကြောင့် နို့နှင့် နို့ထွက်ပစ္စည်းသုံးစွဲမှုသည်လည်း ပိုမိုတိုးတက်လာခဲ့ပါသည်။ ပြည်တွင်းမှ ထုတ်လုပ်သည့်နွားနို့ကို ချက်နို့ဆီအဖြစ်သာ အများဆုံးသုံးစွဲကြသည်။ မြန်မာနိုင်ငံတွင် နေ့စဉ် ချက်နို့ဆီ ပိဿာ ၁၃၀၀၀၀ ခန့် ချက်လုပ် သုံးစွဲလျက်ရှိသည်။ ထို့အတူ ပြည်ပနိုင်ငံများမှ နို့နှင့်နို့ထွက်ပစ္စည်းများကို တင်သွင်းစားသုံးလျက်ရှိကြသည်။ နယူးဇီလန်၊ စင်ကာပူ၊ မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့တွင် နို့မှုန့်ကို ရေလမ်းကြောင်းမှတင်သွင်းပြီး တရုတ်နိုင်ငံမှမူ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြင့် တင်သွင်းသည်။

နို့စိမ်းနှင့် နို့ဆီဘူးများကို စင်ကာပူနှင့် မလေးရှားနိုင်ငံတို့မှ ရေလမ်းကြောင်းဖြင့် တင်သွင်းပြီး ထိုင်းနိုင်ငံမှမူ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တင်သွင်းသည်။ အသင့်သောက်သုံးနိုင်သည့် UHT နို့ဘူးများ၊ ဒိန်ချဉ်၊ မလိုင်၊ ထောပတ်နှင့် ဒိန်ခဲများကို စင်ကာပူ၊ မလေးရှား၊ ထိုင်းနှင့် တရုတ်နိုင်ငံတို့က တင်သွင်းပြီး ထောပတ်ဆီပုံးများကို အိန္ဒိယနိုင်ငံမှ တင်သွင်းသည်။ ပြည်ပမှ နို့မှုန့်၊ နို့ဆီနှင့် နို့စိမ်းဘူးများကို ၂၀၀၇-၂၀၀၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၉၄ သန်း၊ ၂၀၀၈-၂၀၀၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၀၃ သန်းနှင့် ၂၀၀၉-၂၀၁၀ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄၅ ဒသမ ၉၁ သန်းဖိုးအထိ တင်သွင်းခဲ့သည်။

ပြည်တွင်းမှထုတ်လုပ်သည့် နို့နှင့်နို့ထွက်ပစ္စည်းများသည် များသောအားဖြင့် နို့အစစ်အမှန်ဖြင့် ပြုလုပ်ထားခြင်းကြောင့် အာဟာရဓာတ်ပြည့်ဝစွာ ပါဝင်သည်။ ချက်နို့ဆီ၌ပင်လျှင် သကြားနှင့် နွားနို့သာအဓိကပါဝင်သည်။ ဈေးကွက်အတွင်း ပြည်တွင်းမှ ထုတ်လုပ်လျက်ရှိသည့် အချို့နို့ဆီများနှင့် ပြည်ပမှ တင်သွင်းသော နို့ဆီများတွင် ပါဝင်သည့်ပစ္စည်းများမှာ အဓိကပုံစံသုံးမျိုးရှိသည်။ သကြား၊ မလိုင်အပြည့်ပါသည့် နို့ သို့မဟုတ် မလိုင်ထုတ်ထားသည့် နို့နှင့် နို့အဆီဖြင့် ချက်လုပ်သည့် နို့ဆီ၊ သကြား၊ နို့ (Milk Solids) နှင့် ဟင်းရွက်ဆီ (Edible Vegetable fat)ဖြင့် ချက်လုပ်သည့် နို့ဆီနှင့် သကြား၊ ရေ၊ နို့မှုန့်၊ Whey (ဒိန်ရည်/နို့စမ်းကြည်)၊ ပြုပြင်ထားသည့်ကော် (Modified Starch)၊ ပေါင်းစပ်ပစ္စည်း (Binder) နှင့် စားအုန်းဆီတို့ဖြင့်ချက်လုပ်ထားသည့် နို့ဆီတို့ ဖြစ်သည်။

တတိယအမျိုးအစားချက်လုပ်သည့် နို့ဆီသည် မြန်မာနိုင်ငံဈေးကွက်တွင် အများဆုံးတွေ့ရသည့် နို့ဆီအမျိုးအစားဖြစ်သည်။ ၎င်းနို့ဆီသည် နွားနို့ကို အခြေခံခြင်းမရှိဘဲ နို့ဆီအရသာနှင့် ဆင်တူအောင်ပြုလုပ်ထားသည့် ထုတ်ကုန်တစ်မျိုးသာဖြစ်သည်။

မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနက နို့ဆီအတွက် အရည်အသွေး စံနှုန်းသတ်မှတ်ထားသည်။ နို့ဆီတွင်နို့မှရသော အဆီဓာတ်အနည်းဆုံး ၈ ရာခိုင်နှုန်း၊ ရေအများဆုံး ၂၅ ရာခိုင်နှုန်း၊ နို့သားပါဝင်မှု အနိမ့်ဆုံး ၂၅ ရာခိုင်နှုန်း၊ အသားဓာတ် ၈ ဒသမ ၅ ရာခိုင်နှုန်းနှင့် သကြား ၄၂ ဒသမ ၄၅ ရာခိုင်နှုန်း ပါဝင်ရမည်ဖြစ်သည်။

ပြည်တွင်းမှထုတ်လုပ်သောနို့ဆီများနှင့် ပြည်ပမှ တင်သွင်းသော နို့ဆီများတွင် အထက်ပါ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနက သတ်မှတ်ထားသည့် နို့ဆီ၏စံနှုန်းသတ်မှတ်ချက်များနှင့်ကိုက်ညီမှု ရှိ၊ မရှိ စစ်ဆေးကြပ်မတ်သင့်သည်။ သို့မှသာ မြန်မာလူမျိုးများ နှစ်ခြိုက်စွာသောက်သုံးနေသည့် ကော်ဖီနှင့် လက်ဖက်ရည်များသည် နွားနို့တွင် ပါဝင်သည့် အာဟာရဓာတ်များ ပြည့်စုံစွာရရှိနိုင်မည် ဖြစ်သည်။ သို့မဟုတ်ပါက သကြား၊ စားအုန်းဆီနှင့် ကော်ရည်ကို ဈေးကြီးကြီးပေး၍ သောက်သုံးနေရသကဲ့သို့ဖြစ်ပါမည်။

နွားနို့သည်လူတို့အတွက် သက်စောင့်အာဟာရဓာတ်များ ကြွယ်ဝသည်။ မရှိမဖြစ်အရေးကြီးသည်။ သို့သော် သောက်သုံးသည့်နွားနို့သည် သန့်ရှင်းလတ်ဆတ်ရန်အရေးကြီး၍ အရောအနှောကင်းရန်လိုသည်။ ထို့အတူ နို့နှင့်နို့ထွက်ပစ္စည်းများသည်လည်း နို့ကိုအဓိကထား၍ ထုတ်လုပ်သည့် ပစ္စည်းများဖြစ်ရန်လိုသည်။ နို့အနံ့ အရသာဖန်တီးထားသည့် ထုတ်ကုန်ပစ္စည်းများ မဖြစ်သင့်ပါ။

ပြည်သူများ နို့အစစ်မှထုတ်လုပ်သည့် နို့နှင့် နို့ထွက်ပစ္စည်းများ စားသုံးခြင်းဖြင့် ကျန်းမာကြံ့ခိုင်၍ ဉာဏ်ရည်မြင့်မားသည့် လူသားအရင်းအမြစ်များ ပေါ်ထွန်းရေး ရေးသားတင်ပြအပ်ပါသည်။ ။

ကွယ်လွန်သူ ဦးခင်မောင်အား ရည်စူး၍ ရန်ကုန်မြို့နေ ဒေါ်ဝိုင်းကြည် မိသားစု (Top Star) တံဆိပ်ရိုက်လုပ်ငန်းက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီးအတွက် အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။

(ဇီဝိတဒါနသံဃာ့ဆေးရုံ)

ရန်ကင်းမြို့နယ် အမှတ်(၁၂) အခြေခံပညာ မူလတန်းကျောင်း၌ ၁၉၆၈ ခုနှစ်မှ ၁၉၉၂ ခုနှစ်အတွင်း ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဇူလိုင် ၃၁ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက ရှိခိုးကန်တော့ကြစဉ်။

(ကြေးမုံ)

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ယုဇနဥယျာဉ်မြို့တော် (၉၄) ရပ်ကွက် (၉)လမ်းထိပ်ရှိ ဓမ္မာရုံ၌ ဇူလိုင် ၂၃ ရက်က ဦးစီးမှူး ဒေါ်မီစိုး နိုင်ငံသားစိစစ်ရေးကတ်စာရင်းကောက်ထုတ်ပေးခြင်းနှင့် အိမ်ထောင်စုဝင်စာရင်း ကောက်ထုတ်ပေးစဉ်။

(၅၁၂)

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရေယာဉ်ခရီးစဉ်ဈေးနှုန်းများ ပြောင်းလဲ

ရန်ကုန် ဩဂုတ် ၂

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအောက်ရှိ ဌာနခွဲခြောက်ခုမှ မြန်မာနိုင်ငံအနှံ့ ပြေးဆွဲပေးလျက်ရှိသည့် ရေယာဉ်ခရီးစဉ် အားလုံး၏ စီးနင်းခနှုန်းထား၊ ကုန်တင်ဆောင်ခနှုန်းထားများကို ဩဂုတ် ၁ ရက်မှစတင်၍ နှုန်းထားအသစ်များဖြင့် ပြောင်းလဲပြေးဆွဲလျက်ရှိကြောင်းသိရသည်။

ယခုကဲ့သို့ နှုန်းထားများ ပြောင်းလဲသတ်မှတ်လိုက်ခြင်းနှင့်ပတ်သက်၍ ယနေ့ပြေးဆွဲနေသည့် နှုန်းထားသတ်မှတ်ချက်သည် ၂၀၀၃ ခုနှစ်က ဆီတစ်ဂါလန် ငွေကျပ် ၁၆၀ နှုန်းထားကိုအခြေခံပြီး တွက်ချက်ထားခြင်းဖြစ်ကြောင်း၊ ယနေ့ စက်သုံးဆီဈေးနှုန်းနှင့် အဆ ၂၀ ခန့်ကွာခြားသွားပြီဖြစ်၍ ဌာနအနေဖြင့် နှစ်စဉ် အရှုံးခံပြေးဆွဲနေရကြောင်း၊ Balance Budged စနစ်အရ ဝင်ငွေ၊ ထွက်ငွေ မျှတရန်လိုသည့်အတွက် သင့်တော်သည့် နှုန်းထား ပြန်ပြီးတွက်ချက်ခြင်း ဖြစ်ကြောင်း ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယနေ့စက်သုံးဆီဈေးနှုန်းအရဆိုလျှင် ကောက်ခံနှုန်းထားကို အဆ ၂၀ တိုးမြှင့်ရမည်ဖြစ်သော်လည်း လက်ရှိတွင် နှစ်ဆသာ တိုးမြှင့်ထားကြောင်း၊ ထိုသို့ ပြုလုပ်ရခြင်းမှာ ရေကြောင်းကို အသုံးပြုစီးနင်းနေသူများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် ဖြစ်ကြောင်း သိရသည်။

ခရီးစဉ်ဈေးနှုန်းအသစ်များ သတ်မှတ်ပြေးဆွဲရာတွင် ကူးတို့ယာဉ်လိုင်းများလည်း ပါဝင်ရာ ဝါးတန်း-ဒလ ကျပ် ၅၀၊ စဉ့်အိုးတန်း-ဆာပါချောင် ကျပ် ၅၀၊ ရန်ကုန်-ဒလ ကျပ် ၅၀၊ ရန်ကုန်- ခနောင်တို ကျပ် ၅၀၊ ဝါးတန်း-ဆိပ်ကြီး ကျပ် ၅၀၊ မြစ်ကြီးနား-ဝိုင်းမော် ကျပ် ၂၀၀၊ ချောင်းနှစ်ခွ(ယာဉ်) ကျပ် ၁၀၀ ဖြစ်ကြောင်း သိရသည်။

ကျောင်းသားနှင့် ဝန်ထမ်းများအတွက် ပန်းဆိုးတန်း-ဒလ၊ စဉ့်အိုးတန်း-ဆာပါချောင်၊ ဝါးတန်း-ဒလ၊ ဝါးတန်း-ဆိပ်ကြီး၊ ရန်ကုန်-ခနောင်တိုသို့ ယခင်က လပေး ကျပ် ၂၀၀ ဖြစ်ပြီး ယခု ဩဂုတ် ၁ ရက်မှစ၍ ကောက်ခံသည့် နှုန်းမှာ ငွေကျပ် ၁၅၀၀ ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

ပန်းဆိုးတန်း - ဒလ ပြေးဆွဲနေသော ကူးတို့ ရေယာဉ် တစ်စင်းကို တွေ့ရစဉ်။



ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် နွားထိုးကြီးမြို့နယ် (၈)ကြိမ်မြောက် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားသို့တက်ရောက်

နေပြည်တော် ဩဂုတ် ၂

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်သည် ဇူလိုင် ၂၄ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့၌ ကျင်းပသည့် မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းပေါင်း ၃၈ ကျောင်းတို့မှ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများ၊ ထူးချွန်အောင် သင်ကြားပေးခဲ့သော ဆရာ၊ ဆရာမများအား ဂုဏ်ပြုချီးမြှင့်သည့် (၈)ကြိမ်မြောက် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားသို့ တက်ရောက်၍ ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများနှင့် မူလတန်းမှ နဝမတန်းအထိ အတန်းလိုက် ဆုရရှိသူများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နွားထိုးကြီးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၇၀၀၀၊ ဆေးတက္ကသိုလ်များတွင် တက်ရောက်ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ငွေကျပ် ၃၂ သိန်းနှင့် ကြာပင်အိုင်ကျေးရွာရှိ စေတနာ ညကျောင်းအတွက် မီးစက်တစ်လုံးတို့ကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မင်းရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားသို့ လည်းကောင်း၊ လုံးတောသမန်းတောကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားသို့ လည်းကောင်း တက်ရောက်၍ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် မူလတန်းမှ အဋ္ဌမတန်းအထိ အတန်းလိုက် ဆုရရှိသူများအား ဂုဏ်ပြုဆုငွေများ၊ ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ကျောင်းသုံးဗလာစာအုပ်များကို ပေးအပ်ချီးမြှင့်ကြသည်။

နွားထိုးကြီးမြို့နယ်၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ရာခိုင်နှုန်းမှာ ၅၃ ဒသမ ၁၁ ရာခိုင်နှုန်းဖြစ်ရာ မြင်းခြံခရိုင်အတွင်း၌ အောင်ချက်အကောင်းဆုံးဖြစ်ပြီး ယခုနှစ်တွင် ငါးဘာသာဂုဏ်ထူးရှင်သုံးဦး၊ လေးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင်ခြောက်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ရှစ်ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၃၁ ဦးဖြစ်ပြီး စုစုပေါင်း ဂုဏ်ထူးရရှိသူ ၅၀ ဖြစ်သည်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် နွားထိုးကြီးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် ကျောင်းသုံးဗလာစာအုပ်များကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး အင်္ဂလိပ်စကားပြောနှင့် အရေး၊ အဖတ်သင်တန်း အမှတ်စဉ်(၇/၂၀၁၁) ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အင်္ဂလိပ်စကားပြောနှင့် အရေး၊ အဖတ်သင်တန်း အမှတ်စဉ်(၇/၂၀၁၁)ဖွင့်ပွဲ အခမ်းအနား ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး တက်ရောက်

နေပြည်တော် ဩဂုတ် ၂

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ယမန်နေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး သင်တန်းခန်းမ၌ ကျင်းပသည့် အင်္ဂလိပ်စကားပြောနှင့် အရေး၊ အဖတ်သင်တန်း အမှတ်စဉ်(၇/၂၀၁၁) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ဖြစ်သည်။ (သတင်းစဉ်)

ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်း ဒုတိယဝန်ကြီး ဦးမြင့်ဇော် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်သည် ဇူလိုင် ၂၉ ရက်တွင် ပဲခူးတိုင်းဒေသကြီးရှိ ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်းသို့ သွားရောက်၍ ရေသွယ်ဥမင်လိုဏ်အတွင်း Steel Lining တပ်ဆင်ခြင်းလုပ်ငန်း၊ ရေယူအဆောက်အအုံလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် စီမံကိန်းလုပ်ငန်းသုံး ပစ္စည်းများ ရောက်ရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး**(ယာပုံ)** လိုအပ်သည်များကို မှာကြားခဲ့သည်။

ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်းသည် စီမံကိန်းပြီးစီးပါက စက်တစ်လုံးလျှင် ၂၀ မဂ္ဂါဝပ်ရှိ စက်နှစ်လုံးဖြင့် စုစုပေါင်း တပ်ဆင်အင်အား ၄၀ မဂ္ဂါဝပ်မှ နှစ်စဉ် ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ သန်းပေါင်း ၁၂၀ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။

(သတင်းစဉ်)

ဧည့်လမ်းညွှန်လုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

နေပြည်တော် ဩဂုတ် ၂

ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ လုပ်ငန်းလိုင်စင် ရယူထားသော ဧည့်လမ်းညွှန်များ လုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၂၃ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ဒေသအသီးသီးမှ ဧည့်လမ်းညွှန်များ အဆင်ပြေစွာပါဝင် တက်ရောက်နိုင်ရန် အတွက် တက်ရောက်လာသူ တစ်ဦးချင်းစီ၏ မော်တော်ယာဉ်ခ၊ ရထားခနှင့် တည်းခိုနေထိုင် စားသောက်စရိတ်တို့ကို ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ ကျခံစိုက်ထုတ်ပေးမည်ဖြစ်ပြီး ဆွေးနွေးပွဲသို့ တက်ရောက်ကြမည့် ဧည့်လမ်းညွှန်များ အနေဖြင့် မိမိဆွေးနွေးတင်ပြလိုသည့် အကြောင်းအရာများကို စာမျက်နှာ သုံးမျက်နှာခန့်ဖြင့် ရှင်းလင်းတိကျစွာ ရေးသား၍ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဖုန်း-၀၆၇-၄၀၆၄၀၆ သို့ ဆက်သွယ်၍ ဩဂုတ် ၁၂ ရက်အရောက် ကြိုတင်ပေးပို့ကြရန် အသိပေးကြေညာထားသည်။ (သတင်းစဉ်)

ငါးရစ်ငါးသန်ဘေးမဲ့ချန် ပုံမှန်စားသုံးမျိုးမသုဉ်း

နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း

ကိုရီးယားမင်းသမီးပါ့ခ်မင်ယောင်၏ ရုပ်သံဇာတ်လမ်းတွဲတွင် မင်းသားချန်ဂျန်မြောင် ပါဝင်သရုပ်ဆောင်မည်

ကိုရီးယားမင်းသားချန်ဂျန်မြောင်သည် ရုပ်သံဇာတ်လမ်းတွဲတစ်ခုတွင် မင်းသမီးပါ့ခ်မင်ယောင်နှင့် တွဲဖက်၍ ခေါင်းဆောင်မင်းသားအဖြစ် ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်း၏ အေဂျင်စီက တနင်္လာနေ့တွင် ထုတ်ဖော်ပြောကြားသည်။

ချန်၏ ဖျော်ဖြေရေးအေဂျင်စီ Red Line က ထုတ်ဖော်ပြောကြားရာတွင် မင်းသားချန်ဂျန်မြောင်သည် ကေဘီအက်စ်ရုပ်သံလိုင်းမှ အောက်တိုဘာတွင် စတင်ရိုက်ကူးမည့် ရုပ်သံဇာတ်လမ်းတွဲ Young-gwang's Jae-in တွင် ဘော့စ်ဘောကစားသမား ကင်ယောင်ဂွါန်းအဖြစ် ပါဝင်သရုပ်ဆောင်မည်ဟု ဆိုသည်။

ဤဇာတ်လမ်းတွဲတွင် ကင်ယောင်ဂွါန်းက ပြိုင်ပွဲတစ်ခုတွင် ဒဏ်ရာရခဲ့ပြီးနောက် သူနာပြုဆရာမ ဂျေအင်အဖြစ် သရုပ်ဆောင်သည့် ပါ့ခ်မင်ယောင်နှင့် တွေ့ဆုံပြီး ဂျေအင်က သူမဘဝ၏ အခက်အခဲအကျပ်အတည်းများကို ကျော်ဖြတ်ပြီး အောင်မြင်သည့်သူတစ်ဦး ဖြစ်လာပုံများကို ပြောပြပြီး အားပေးနှစ်သိမ့်ပုံများကို ဖန်တီးရိုက်ကူးသွားမည်ဖြစ်သည်။

ယင်းဇာတ်လမ်းတွဲကို ထုတ်လုပ်သူ ဒါရိုက်တာ လီဂျန်ဆပ်နှင့် ဇာတ်ညွှန်းရေးဆရာ ကန်အွန်ကျောင်းတို့က ပူးတွဲရိုက်ကူးကြမည်ဖြစ်ပြီး ၎င်းတို့နှစ်ဦး ပူးပေါင်းရိုက်ကူးခဲ့သည့် ၂၀၁၀ ခုနှစ်က ကေဘီအက်စ်ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသခဲ့သော Bread, Love and Dreams (ပေါင်မုန့်-အချစ်နှင့်အိပ်မက်များ) ရုပ်သံဇာတ်လမ်းတွဲမှာ ကိုရီးယားနိုင်ငံလူဦးရေ၏ ၅၀ ရာခိုင်နှုန်းကျော် ကြည့်ရှုအားပေးခဲ့သည်အထိ အောင်မြင်မှုရရှိခဲ့သည်။

အသက်(၃၀)ရှိ မင်းသားချန်သည် ၁၉၉၉ ခုနှစ်မှစ၍ အနုပညာလောကသို့ ရောက်ရှိလာသူဖြစ်ပြီး အက်ဘီအက်စ်ရုပ်သံလိုင်းမှ Fashion 70s၊ ကေဘီအက်စ်ရုပ်သံလိုင်းမှ Sister of Cinderella နှင့် The Duo ဇာတ်လမ်းတွဲများအပါအဝင် ရုပ်သံဇာတ်လမ်းတွဲအများအပြားတွင် ပါဝင်သရုပ်ဆောင်ခဲ့သူဖြစ်သည်။ ချန်သည် ကိုရီးယားရုပ်ရှင်ဇာတ်ကားများတွင်လည်း ၂၀၀၅ ခုနှစ်က The Aggressives ရုပ်ရှင်ကား၊ ၂၀၀၆ ခုနှစ်က Les Formindables နှင့် ၂၀၀၇ ခုနှစ်က Hansel and Gretel ရုပ်ရှင်ဇာတ်ကားများတွင် ပါဝင်သရုပ်ဆောင်ခဲ့သည်။

ကိုရီးယားမင်းသားချန်ဂျန်မြောင်။

အင်တာနက်။

အေဝမ်းစိုး

ရေဆိပ်/လေဆိပ်များမှတစ်ဆင့် ပြည်တွင်းပြည်ပခရီးသွားမှု များပြားလာ လုပ်ငန်းများ မှန်ကန် မြန်ဆန်ရေး၊ မှတ်တမ်းများ စနစ်တကျရှိရေး ဝန်ထမ်းများအား ရှင်းလင်း

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးခင်ရီ ကျောက်တန်းမြို့နယ် မြိုင်သာယာကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ၏ မူလတန်းကြိုကျောင်း၌ အိမ်ထောင်စုလူဦးရေ စာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား လာရောက်လျှောက်ထားဆောင်ရွက်ကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံစဉ်။

(သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၂

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ဇူလိုင် ၃၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ရေ/လေ ကြီးကြပ်ဌာနစုမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ ရေဆိပ်/ လေဆိပ်များမှတစ်ဆင့် ပြည်တွင်းပြည်ပခရီးသွားများ သွားလာမှု များပြားလာသည်နှင့်အမျှ လုပ်ငန်းများ မှန်ကန်မြန်ဆန်စေရေးနှင့် မှတ်တမ်း စာရင်းဇယားများ စနစ်တကျရှိရေး၊ ခရီးသွားပြည်သူများအပေါ် စေတနာ အပြည့်အဝဖြင့် ယဉ်ကျေးပျူငှာစွာ ပြောဆိုဆက်ဆံရေးတို့အတွက် ဝန်ထမ်းများအား ရှင်းလင်းချပြရေးတို့ကို မှာကြား ဆွေးနွေးသည်။

ထို့နောက် အလုံမြို့နယ်ရှိ အေးရှားဝေါလ် ကုန်တင်ကုန်ချ ဆိပ်ခံတံတားသို့ သွားရောက်၍ ကုန်တင်ရေယာဉ်များတွင် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ကျောက်တံတားမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး ဦးစီးဌာနမှူးရုံး ဟောင်း၌ မိမိဌာနဝန်ထမ်းများအတွက် အရည်အသွေး မြှင့်တင်ရေးဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ပို့ချနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် တိုင်းဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဒေသကြီး/ခရိုင်/ မြို့နယ်ဦးစီးဌာနမှူးရုံးများမှ ဝန်ထမ်းများနှင့် ရေ/လေ ကြီးကြပ်ဌာနစုမှ ဝန်ထမ်း ၇၀၀ တို့အား တွေ့ဆုံ၍ ယခုဖြေလျှော့ဆောင်ရွက်ပေးသည့် စနစ်သစ်ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်းသည် စီမံချက်အရ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ သို့ရာတွင် ယင်းမှာ ပွဲပြီးမီးသေ သဘောမျိုးမဟုတ်ဘဲ စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် လုပ်ငန်းဖြစ်သည်ကို ဝန်ထမ်းများ သိရှိနားလည်ထားကြရန် လိုအပ်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းဆိုင်ရာ အားနည်းချက်/အားသာချက်များကို အစဉ်သုံးသပ်၍ လိုအပ်ချက်များကို ပိုမိုတိုးတက်ကောင်းမွန်စေရေး ကြံဆဆောင်ရွက်ကြရန်လည်း လိုအပ်ကြောင်း၊ ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ပြီး ပြည်သူ၏ လိုအပ်ချက်နှင့် အခက်အခဲများကို မေးမြန်းကာ ထိထိရောက်ရောက် ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် လာဘ်ပေး လာဘ်ယူမှု ကင်းရှင်းစွာဖြင့် ပြည်သူက ယုံကြည်ကိုးစားသည့် ဝန်ထမ်းကောင်းများဖြစ်အောင် ကျင့်ကြံဆောင်ရွက်ကြရန် လိုကြောင်း၊ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် ရည်မှန်းချက် တာဝန်များ အောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း စသည်ဖြင့် ရှင်းလင်းမှာကြားသည်။

ယင်းနောက် သန်လျင်မြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း (သီလဝါ) သို့ သွားရောက်၍ ရေဆိပ်စစ်ဆေးရေးဌာနစိတ်မှ ဝန်ထမ်းများ၏ လုပ်ငန်းဆိုင်ရာဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ညနေပိုင်းတွင် ကျောက်တန်းမြို့နယ် မြိုင်သာယာကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ၏ မူလတန်းကြိုကျောင်း၌ မိမိဌာနဝန်ထမ်းများနှင့် မြို့နယ် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်းစိစစ်ကြီးကြပ်ရေး အဖွဲ့ဝင်များက ဒေသခံပြည်သူများအား အများပြည်သူရုံးပိတ်ရက်တွင် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ဖြေလျှော့ဆောင်ရွက်ပေးသည့်စနစ်သစ်နှင့်အညီ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကာ လာရောက်လျှောက်ထားဆောင်ရွက်ကြသည့် ဒေသခံပြည်သူများအား လုပ်ငန်းအခက်အခဲများကို ရင်းရင်းနှီးနှီး တွေ့ဆုံမေးမြန်းခဲ့သည်။ (သတင်းစဉ်)

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ရေယာဉ်အင်ဂျင်များ လဲလှယ်တပ်ဆင်ရေးလုပ်ငန်းများ စစ်ဆေး

နေပြည်တော် ဩဂုတ် ၂

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်သည် ယမန်နေ့နံနက် ၈ နာရီတွင် မြစ်ဝကျွန်းပေါ် ဌာနခွဲရုံး၌ တာဝန်ရှိသူများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများကို မှာကြားသည်။

ထို့နောက် ခနောင်တို၊ ဆာဖာချောင်းကူးတို့ခရီးလမ်းမှ ရေယာဉ်များ ဝင်ရောက်ဆိုက်ကပ်လာမှုနှင့် ခရီးသည်များ လိုက်ပါစီးနင်းမှုအခြေအနေများကို လည်းကောင်း၊ ဆင်ဟိုင်းရေယာဉ်တွင် အင်ဂျင်များ အစားထိုးပြောင်းလဲတပ်ဆင်နေမှုနှင့် ဒလ သဘင်္ဘောကျင်းတွင် ခရီးသည်တင်ဗညားလတ်ရေယာဉ်အား အင်ဂျင်ပြောင်းလဲတပ်ဆင်နေမှု အခြေအနေတို့ကို လည်းကောင်း၊ ပန်းဆိုးတန်း-ဒလ ကူးတို့ဆိပ်ကမ်းသို့ လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့် ဒလ သင်္ဘောကျင်းတွင် ခရီးသည်တင် ဗညားလတ်ရေယာဉ်အား အင်ဂျင်ပြောင်းလဲတပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်း ဆောင်ရွက်ရေး မတည်ငွေ ပေးအပ်ပွဲသို့ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် တက်ရောက်

နေပြည်တော် ဩဂုတ် ၂

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးခင်ဇော်သည် ဩဂုတ် ၁ ရက် နံနက် ၈ နာရီတွင် မြိတ်မြို့ ပုလဲရတနာ ခန်းမ၌ ကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းဆောင်ရွက်ရေး မတည်ငွေ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

ထို့နောက် လုပ်ငန်းရှင်များက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်း ဆောင်ရွက်ရေး မတည်ငွေများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ ပေးအပ်ကြသည်။

ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူးက အသေးစားချေးငွေလုပ်ငန်း စတင်ဆောင်ရွက်မည့် အခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် သစ်ယာဝ စံပြကျေးရွာ၌ ကျင်းပသည့် အသေးစား ချေးငွေ ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးမြတ်ကိုက ငွေစုဆောင်းပုံစနစ်၊ ငွေထုတ်ချေးမှုစနစ်နှင့် ပြန်လည်ပေးဆပ်မှုစနစ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် လုပ်ငန်းရှင်များက ရေလုပ်ငန်းသုံးပစ္စည်းများနှင့် စက်ပစ္စည်းများ၊ ချေးငွေများကို ကျေးရွာသူ၊ ကျေးရွာသားများအား ပေးအပ်ကြသည်။

ယင်းနောက် သစ်ယာဝ တွဲဖက်အခြေခံပညာအလယ်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးခင်ဇော်ထံ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းဆောင်ရွက်ရန်အတွက် လုပ်ငန်းရှင်များက မတည်ငွေများ ပေးအပ်စဉ်။

(သတင်းစဉ်)

ပြည်သူ့ထံမှ ပေးစာများ

လမ်းပေါ်မှချိုင့်ခွက် သွားလာရေးခက်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ကျိုက္ကဆံဘုရားလမ်း သီလရှင်စာသင်တိုက်ရှေ့ လမ်းမကြီး၌ ချိုင့်ခွက်ကြီးများ ဖြစ်နေပြီး ရေအိုင်များကြောင့် ယာဉ်များ၊ ခရီးသည်များ သွားလာရာတွင် အခက်အခဲရှိနေရပါသဖြင့် ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်ပြည်သူများ

ဈေးဆိုင်အမိုးအကာများကြောင့် လမ်းပိတ်ဆို့

စာတည်းခင်ဗျား-

ညောင်လေးပင်မြို့ ဈေးကြီး ဈေးအနောက်လမ်း သုံးထပ်တိုက်ဘေး မီးရထားဝင်းလမ်းအဖြတ်တွင် ဈေးဆိုင်များသည် အမိုးအကာများ ခင်းကျင်းပိတ်ဆို့ရောင်းချလျက်ရှိရာ ဈေးသွားဈေးလာများ ကောင်းစွာသွားလာ၍ မရပါသဖြင့် စိတ်အနှောင့်အယှက် ဖြစ်နေကြရပါသည်။ သို့ဖြစ်ပါ၍ လွယ်ကူချောမွေ့စွာ သွားလာနိုင်ရေး ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

ဈေးသွားဈေးလာများ

ကျူးကျော်ဈေးဆိုင်များ ရှင်းလင်းပေးစေချင်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် (၄)ရပ်ကွက် မော်တင် (၉) လမ်း (အောက်ဘလောက်) ကမ်းနားဘက် လမ်းတိုအတွင်း အထည်ဟောင်းရောင်းဝယ်သည့် ကျူးကျော်ဈေးသည်များကြောင့် လမ်းပိတ်ဆို့၍ အများပြည်သူသွားလာမှုကို အနှောင့်အယှက်ဖြစ်စေခြင်း၊ ယာဉ်များရပ်နားရန် နေရာမရရှိခြင်းတို့ကြောင့် လမ်းအတွင်းနေ မိသားစုများ အခက်အခဲ ဖြစ်နေရပါ၍ အဆိုပါ ကျူးကျော်ဈေးတန်းအား ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

လမ်းမိသားစုများ

ကျောက်တံတားမြို့နယ် (၃၆) လမ်း အထက်နေ ကွယ်လွန်သူ ဖခင်ကြီး ဦးသာထွန်းအား ရည်စူး၍ ဒေါ်တင်မေနှင့် သားသမီးမြေးတစ်စု (Stars Enpire) မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် ခြောက်သိန်း လှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေး လက်ခံယူစဉ်။

(ကြေးမုံ)

မြန်မာနိုင်ငံ၏ ဆန်စပါးထုတ်လုပ်မှုကဏ္ဍ ခေတ်နောက်ကျမကျန်ရေး ကြိုးစား တောင်သူလယ်သမားများ ဝင်ငွေနှင့် လူနေမှုဘဝဖွံ့ဖြိုးရေး ရည်မှန်းချက်ထား လယ်သမားများ အမှန်တကယ် အကျိုးရှိစေမည့် မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ပါမောက္ခချုပ်၊ ကျောင်းသား၊ ကျောင်းသူများနှင့် ရေဆင်းစိုက်ပျိုးရေး သုတေသနဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော သုတေသနစပ်မျိုးစပါး ထုတ်လုပ်ရေးစိုက်ခင်း၌ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအား ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် ပါမောက္ခချုပ်၊ ကျောင်းသား၊ ကျောင်းသူများနှင့် ရေဆင်းစိုက်ပျိုးရေး သုတေသနဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော သုတေသနစပ်မျိုးစပါး ထုတ်လုပ်ရေးစိုက်ခင်းသို့ ရောက်ရှိပြီး နိုင်ငံတကာ နယ်ပယ်တွင် စားရေးရိက္ခာ လုံခြုံမှု (Food Security) လိုအပ်ချက်နှင့် မမျှော်မှန်းနိုင်သော ရာသီဥတု အပြောင်းအလဲများကြောင့် စားပင်သီးပင် စိုက်ခင်းများ ပျက်စီးမှုအန္တရာယ်ကို လက်တွေ့ကြုံတင်ကာကွယ် တားဆီးနိုင်ရန် နည်းလမ်းအနေဖြင့် တစ်ဧကအတွက် နှစ်ဆမှ သုံးဆအထိ တိုးတက်ထွက်ရှိနိုင်ပြီး အရည်အသွေးကောင်း၊ စားသုံး၍ကောင်းသော စပ်မျိုးစပါးများကို နိုင်ငံတိုင်း ထုတ်လုပ်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်နေကြပြီဖြစ်ရာ မိမိတို့နိုင်ငံအနေဖြင့်လည်း ခေတ်နောက်ကျ မကျန်စေရေးနှင့် နိုင်ငံတကာ ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရန်အတွက် ယခုကဲ့သို့ စပ်မျိုးစပါးမျိုးစေ့ သုတေသန ရှေ့ပြေး အကောင်အထည်ဖော် ဆောင်ရွက်ခြင်းမှာ ဂုဏ်ယူဖွယ်ရာအချက်ဖြစ်ကြောင်း၊ ငယ်ရွယ်သူ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူ မျိုးဆက်သစ်များအနေဖြင့် မြန်မာနိုင်ငံ၏ ဆန်စပါးထုတ်လုပ်မှုကဏ္ဍ ခေတ်နောက်ကျမကျန်စေရေးအတွက် စာတွေ့လက်တွေ့ ကြိုးစားကြပြီး တောင်သူလယ်သမားများ၏ ဝင်ငွေနှင့် လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကို လက်တွေ့ကြိုးပမ်းဆောင်ရွက်နိုင်မည့် သားကောင်းရတနာများဖြစ်အောင် ရည်မှန်းချက်ထားရှိကြရန်နှင့် တက္ကသိုလ်နှင့် သုတေသနလုပ်ငန်းများမှသည် တောင်သူလယ်သမားများ၏ လယ်ကွင်းထဲသို့အရောက် လယ်သမားများအတွက် အမှန်တကယ် အကျိုးရှိစေမည့် မျိုးစေ့များကို ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားကာ သိပ္ပံနည်းကျ ပေါင်းစနစ်ဖြင့် ပျိုးထောင်ထားသော စိုက်ခင်းအတွင်း ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် သင်ပန်းကုန်းအုပ်စု ဆည်ကြီးရွာရှိ စပ်မျိုးနေကြာဧက ၅၀၀ စိုက်ခင်းနှင့် အထူးအထွက်ကောင်း ငရုတ်မျိုးစိုက်ခင်းသို့ ရောက်ရှိပြီး အထူးအထွက်တိုးနေကြာနှင့် ငရုတ်စိုက်ခင်းတို့ကို ကြည့်ရှုအားပေးကာ တောင်သူများအား သိပ္ပံနည်းကျ စိုက်နည်းစနစ်များကို ထိရောက်စွာ အသုံးပြုခြင်းအားဖြင့် ပိုမိုထွက်ခြေကိုက်ကြောင်း၊ နေကြာမျိုးစေ့ နို့ဆီတစ်ဘူးလျှင် မျိုးစေ့ ၂၅၀၀ ပါရှိသည့်အတွက် အမှန်လိုအပ်သည့် တစ်ဧကလိုအပ်ချက် အပင် ၂၄၀၀၀ အတွက် မျိုးစေ့နို့ဆီဘူး ၁၀ ဘူးသုံးလျှင် လုံလောက်မှုရှိပြီး အများဆုံးတစ်ကျင်းလျှင် နှစ်ပင် သုံးပါက ဘူး ၂၀ ဖြင့် လုံလောက်မည်ဖြစ်ကြောင်း၊ အပင်များ ဖြစ်ထွန်းရှင်သန်အောင်မြင်မှု သေချာသည့်အချိန်တွင် အပင်ကျပ်တစ်ပင်ကို နှုတ်ပယ်ထားရှိခြင်းအားဖြင့် နေကြာသီးနှံ၏ အထွက်နှုန်းအား တိုးတက်ရရှိစေနိုင်မည်ဖြစ်ကြောင်းနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ မျိုးကောင်းမျိုးသန့်မျိုးစေ့များနှင့် စိုက်နည်းစနစ်များကို ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဖိတ်ခေါ်

ယင်းနောက် သိပ္ပံနည်းကျ ပေါင်းစနစ်ဖြင့် ပျိုးထောင်ပြီး သိပ္ပံနည်းကျ စိုက်နည်းစနစ်ဖြင့် စိုက်ပျိုးထားသော တောင်သူပညာပေး စပါးခင်း ငါးဧကကို ကြည့်ရှုအားပေးပြီး ပြည်ထောင်စုဝန်ကြီးက နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုရွာအနီး သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးထားရှိသည့် အထူးအထွက်တိုး စပါးစိုက်ခင်း၊ အထူးအထွက်တိုး နေကြာစိုက်ခင်းနှင့် အထူးအထွက်တိုး ကြံစိုက်ခင်းတို့သို့ လာရောက်လေ့လာကြရန် တောင်သူများအား ဖိတ်ခေါ်ခဲ့သည်။

ထို့နောက် ပျော်ဘွယ်မြို့နယ် မဲဒီးကျေးရွာအနီး နတ်ကာချောင်းပေါ်၌ တည်ဆောက်နေသော နတ်ကာရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိပြီး ဆည်ရေသောက်စနစ်၏ စီမံကိန်းနှင့် တစ်စပ်တည်းပေါ်ထွန်းလာမည့် ဆည်ရေသောက်ဧက ၁၃၀၀ အား ခေတ်မီလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးအတွက် ကုန်ထုတ်လမ်းများ၊ တစ်ဧကအကွက်များ ဖော်ထုတ်ရန်နှင့် ဒေသနေ တောင်သူလယ်သမားများ၏ လူနေမှုဘဝနှင့် ဝင်ငွေတိုးတက်လာစေရေးအတွက် ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေး ဆွေးနွေးမှာကြားပြီး ပျော်ဘွယ်ဒေသသည် မိုးရေချိန် ၃၂ လက်မဝန်းကျင်တွင် ရွာသွန်းသည့် အားလျော်စွာ စပါးစိုက်ပျိုးရန် လုံလောက်သော ရေပမာဏရရှိနိုင်သည့် နေရာများတွင်သာ ဖြစ်ထွန်းအောင်မြင်နိုင်သည့် စပါးကို စိုက်ပျိုးပြီး စိုက်ပျိုးရေ လုံလောက်မှုမရှိသော အခြားနေရာများတွင် တောင်သူများအတွက် အမှန်တကယ် အကျိုးရှိ၊ ထွက်ခြေကိုက်သည့် နေကြာသီးနှံ၊ ပဲမျိုးစုံသီးနှံနှင့် ငရုတ်သီးနှံကဲ့သို့သော ဝင်ငွေကောင်းသည့် သီးနှံများကို စိုက်ပျိုးသွားနိုင်ရေး ပညာပေးစည်းရုံး ဆောင်ရွက်ပေးသွားကြရန်နှင့် တောင်သူများအတွက် ထွက်ခြေမကိုက်သော၊ ဆန္ဒမရှိသောသီးနှံများကို အတင်းအဓမ္မစိုက်ပျိုးခြင်း မပြုလုပ်စေရန် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ရေလှောင်တမံ တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း ပင်မတမံ တည်ဆောက်ပြီးစီးမှု၊ ကျောက်စီနေမှု၊ ရေထိန်းမျှော်စင်၊ ရေထုတ်ပြွန်၊ ရေထုတ်မြောင်းနှင့် ပြီးစီးနေပြီဖြစ်သော ရေပိုလွှဲနှင့် ဆည်အတွင်း ရေဝင်ရောက်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

နတ်ကာရေလှောင်တမံသည် ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် မဲဒီးကျေးရွာအနီး နတ်ကာချောင်းပေါ်၌ တမံအလျားပေ ၃၇၆၀၊ တမံအမြင့် ၈၅ ပေရှိ မြေသားတမံအမျိုးအစားဖြစ်ပြီး ကန်ရေပြည့် သိုလှောင်နိုင်မှု ပမာဏမှာ ဧကပေ ၁၀၃၀၀ ရှိကာ ယနေ့အထိ ရေပမာဏ ဧကပေ ၁၁၅၀ သိုလှောင်ထားပြီး ၂၀၁၁ ခုနှစ် အောက်တိုဘာလတွင် ဖွင့်လှစ်နိုင်မည်ဖြစ်သဖြင့် လာမည့်နွေစပါးရာသီတွင် စိုက်ပျိုးရေ ပေးဝေနိုင်မည့်အပြင် ယင်းတော်ကန်၏ ရေသောက်ဧရိယာ ဧက ၂၄၃၀ ၏ စိုက်ပျိုးရေလိုအပ်ချက်ကို ပေးဝေနိုင်မည်ဖြစ်သည်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့် မွန်ပြည်နယ် ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကုန်သည်လုပ်ငန်းရှင်များ၊ ရော်ဘာခြံရှင်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၂

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်တို့သည် ဇူလိုင် ၃၁ ရက် မွန်းတည့် ၁၂ နာရီတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကုန်သည်လုပ်ငန်းရှင်များ၊ ရော်ဘာခြံရှင်များနှင့်တွေ့ဆုံရာ ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က မွန်ပြည်နယ် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ အဆင့်မီ အရည်အသွေးကောင်း ရော်ဘာများ ထုတ်လုပ်နိုင်ရေး၊ ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကို ဆွေးနွေးမှာကြားပြီး မွန်ပြည်နယ် လယ်ယာကဏ္ဍတွင် အထူးပြုကုမ္ပဏီများ ပေါ်ပေါက်လာစေရေး ပံ့ပိုးကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး လုပ်ငန်းစဉ်တွင် ပြည်နယ်အဆင့်လုပ်ငန်းကော်မတီနှင့် လုပ်ငန်းစဉ်(၈)ရပ်အတွက် ဆပ်ကော်မတီများ ဖွဲ့စည်းလျက်ရှိကြောင်း၊ လယ်ယာကဏ္ဍရင်းနှီးမြှုပ်နှံမှုတွင် ပြည်နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ ပြည်နယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သည်လုပ်ငန်းရှင်များက ပြည်နယ်အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦးနှင့် မြန်မာနိုင်ငံ ရော်ဘာလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးခိုင်မြင့်တို့က ဆန်စပါးထုတ်လုပ်တင်ပို့ရောင်းချမှု၊ အထူးပြုကုမ္ပဏီများ ဖွဲ့စည်းဆောင်ရွက်ခြင်းကိစ္စများနှင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မွန်ပြည်နယ် ဆန်စပါးလုပ်ငန်းအသင်းဥက္ကဋ္ဌ ဦးတင်မြင့်ဦး၊ ကျိုက်ထိုမြို့မှ ရော်ဘာလုပ်ငန်းရှင် ဦးဟန်စိန်၊ သထုံမြို့နယ်မှ ရော်ဘာခြံရှင် ဦးကျော်မြင့်နှင့် မော်လမြိုင်မြို့မှ ပဲနှမ်းကုန်သည် ဦးကျော်ခိုင်မြင့်တို့က တင်ပြဆွေးနွေးကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်တရားသူကြီးချုပ်နှင့် ပြည်နယ်စာရင်းစစ်ချုပ်တို့သည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် မွန်ပြည်နယ်ထွက် လက်မှုပစ္စည်းများ၊ ရော်ဘာနှင့် ဆန်စပါးနမူနာများကို ကြည့်ရှုအားပေးခဲ့ကြသည်။

(သတင်းစဉ်)

❍ ကျောဖုံးမှ

ပြင်ဆင်မှုများ လုပ်ဆောင်ခဲ့သည်။ ယခုခေတ် တည်ဆောက်ထားသော ရေလှောင်ကန်များကဲ့သို့ ရေဝင်ပေါက်တစ်ခုအား ကန်ပေါင်တစ်ခုဖြင့် ပိတ်ပြီး တည်ဆောက်ထားသော ကန်မဟုတ်ဘဲ မြောက်ဘက်သို့ စီးဆင်းသွားသည့် စမုံချောင်းအား ကန်ပေါင်ပိတ်၍ လည်းကောင်း၊ တောင်ဘက်သို့ စီးဆင်းသွားသည့် နဝင်းချောင်းအား ကန်ပေါင်ပိတ်၍ ရေဝေကုန်တန်း တစ်ခုပေါ်တွင် တည်ဆောက်ထားသည့် ထူးခြားသော ကန်တစ်ကန်ဖြစ်သည်။ စမုံချောင်းသည် ဧရာဝတီမြစ်အတွင်းသို့ စီးဝင်သွားသလို နဝင်းချောင်းသည် တောင်ဘက်သို့ စီးဆင်းကာ စစ်တောင်းမြစ်အတွင်းသို့ စီးဝင်သွားသည်။ အရှေ့ရှမ်းရိုးမတောင်မှ စီးဆင်းလာသော လဲဖြူချောင်း အနောက်အလယ်ရိုးမတောင်တန်းများမှ စီးဆင်းလာသော ရေသည် ကန်အတွင်းစီးဆင်းကာ ကန်မှလွှတ်သောရေသည် တောင်နဝင်းမြောက်စမုံသို့ စီးဆင်းပြီး ရေတံခါး ငါးခုရှိသောကန်ဖြစ်သည်။ မြို့အရှေ့ဘက် ရှမ်းရိုးမတောင်တန်းကြီးကို ရေဝေရေလဲပြု၍ စီးဆင်းလာသော လဲဖြူချောင်း၊ မြောင်းမတော်အထက်ပိုင်းရှိ ကျောက်တင်ချောင်း၊ ဖိုးသူတော်ချောင်းထိ စီးဆင်းလာသော ရေသည် ရေဆင်းဧရိယာမှာ ၆၈ စတုရန်းမိုင်ရှိသည်။ ကန်ရေပြည့်ဧက ၁၅၂၅ ပေ၊ ကန်အမြင့် ၁၅ ပေ၊ ကန်ပေါင်အလျား(မြောက်) ပေ ၁၂၃၀၀၊ ကန်ပေါင်အလျား(တောင်) ပေ ၉၅၀၀၊ ရေလှောင်ပမာဏ ၈၀၆၆ ပေ၊ စိုက်ပျိုးနိုင်သည့် ဧက ၆၅၀၀ ရှိသည်။

နံပါတ်(၁)မြောင်းမှာ ကောက်ကွေးနေ၍ တဖြောင့်တည်းဖြစ်ရန် ပြန်လည်ပြင်ဆင်ခြင်း၊ နံပါတ်(၁) မြောင်းနှင့် နံပါတ်(၂)မြောင်းအား ကျောက်ကြီးများစီကာ လှိုင်းကာနံရံများ ပြုလုပ်ထားခြင်း၊ ကန်အတွင်းသို့ စက်ဘီး၊ ဆိုင်ကယ်များ ထိုးကျမသွားရန် အမြင့်နှစ်ပေရှိ ကျောက်စီနံရံများဆောက်လုပ်ပေးထားခြင်း၊ လမ်းများ၊ တံတားများသည် ဒေသခံတောင်သူများအတွက် အကျိုးများလှသည်။ ကျေးလက်ဒေသများမှ အများဆုံးထွက်ရှိသော သီးနှံများအား စားသုံးသူများထံ လျင်မြန်စွာ ရောက်ရှိနိုင်ရေးသည် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှသာ ခံစားရမည်ဖြစ်သည်။ သို့ဖြစ်၍ ကျေးလက်မှ ထွက်ရှိသည့်သီးနှံများ လျင်မြန်စွာ မြို့ဈေးကွက်သို့ ရောက်ရှိရေးအတွက် ကန်ပေါင်လမ်းအား ဦးစားပေးပြုပြင်ပေးသဖြင့် ကျောင်းသွား ကျောင်းပြန်၊ ဈေးရောင်းဈေးဝယ်သွားလာနေကြသူများ ပြုံးပျော်လျက်ရှိနေပြီဖြစ်သည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ်မိုးနှောင်းကာလ ရွာသွန်းသော မိုးရေကြောင့် ဆည်၊ ကန်များတွင် ရေလုံလောက်စွာရရှိခဲ့၍ ကျီးနီကန်ရေသောက်ရေဖြင့် ၂၀၁၁ ခုနှစ် နွေစပါးလျာထားဧက ၁၈၀၀ ဖြစ်သော်လည်း ၂၃၃၃ ဧကအထိ တိုးတက်စိုက်ပျိုးနိုင်ကြပြီဖြစ်၍ ဒေသခံပြည်သူများ စီးပွားရေး ကောင်းမွန်လာကြတော့မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ॥

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၈-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

AM & PM

၆း၃၀	MRTV-4 သတင်း
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၈၄)**
၇း၃၀	FIFA U-20 WORLD CUP COLOMBIA 2011 (Portugal Vs Cameroon) (LIVE)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၂၆)**
၁၀း၁၅	MRTV-4 7th Anniversary Live Show (Part-2)
၁၁း၀၀	မိုးကုတ်မြို့ကျပ်ပြင်(အထက)မှ အာစရိယသို့ဝန္ဒာမိလ္ဘာ
၁၁း၂၀	တော်ဝင်စင်တာ (စတုဒိသာအလှူတော်မင်္ဂလာ
၁၁း၃၀	မွေးနေ့အလှူကုသိုလ်ယူ
၁၁း၄၅	MRTV-4 ကာတွန်းအစီအစဉ်
၁၂း၁၀	ဇာတ်သဘင်နှင့်ကျန်းမာရေး (ဒေါက်တာခင်မောင်လွင်၊ စာရေးဆရာချစ်ဦးညို)
၁၂း၄၀	ရဲယိုနှင့်ကျန်းမာရေး
၁၂း၅၀	စားချင်စဖွယ်နည်းအသွယ်သွယ်
၁း၀၀	"ဝဋ်ကြွေးရှိကရှောင်လို့မရ" တရားတော် (ဆရာတော်အရှင်ဓမ္မသိရီ)
၁း၄၅	ဆုပန်ရည်စူးအရောက်ဖူး. . . မြတ်ဘုရားဖောင်တော်ဦး
၂း၀၀	MRTV-4 သတင်း
၂း၂၀	စကားနပန်း
၃း၁၀	Activities in The City
၃း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၈၄)**
၄း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၂၆)**
၄း၅၀	ခနေဖြူမြို့ ဇောတိကာရုံကျောင်းတိုက်မှ ဂုဏပူဇာသဘင်
၅း၀၀	အနုပညာရပ်ဝန်းမှရင်ခုန်သံများ "နောက်တယ်နော်ရိုက်ကွင်းအမှတ်တရ"
၅း၁၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၅း၄၀	မြန်မာ့စက်မှုထုတ်ကုန်ပြပွဲ-၂၀၁၁
၆း၀၀	MRTV-4 သတင်း
၆း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၈၅)**
၇း၀၀	MRTV-4 7th Anniversary Live Show (Part-3)
၈း၀၀	MRTV-4 သတင်း
၈း၃၀	Cartoon Show Time
၉း၁၀	သင်ကြားရေးလမ်းညွှန်
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၂၇)**
၁၀း၂၀	FIFA U-20 WORLD CUP COLOMBIA 2011 (Uruguay Vs New Zealand) (DELAY)
၁၂း၀၅	Industrial Talk
၁၂း၃၅	နေချင်စဖွယ်အိမ်အလှဆင်ကြမယ်
၁း၀၅	မိခင်နို့စနစ်တကျတိုက်ကျွေးနည်းနှင့် ဖြည့်စွက်စာကျွေးနည်း (ဒေါက်တာသိန်းသိန်းမြင့်)
၁း၁၅	Man And The Elephant (အပိုင်း-၂)
၁း၄၅	ငွေဆောင်ဒေသရဲ့သရက်တောထိုးမုန့်
၁း၅၅	မင်းမသိသေးပါဘူးကွာ (ရော၊ ငှက်ပျောကြော်၊ ကြူကြူသင်း၊ အေးအေးခိုင်) -ဒါရိုက်တာ-ဆွေဇင်ထိုက်
၂း၀၀	FIFA U-20 WORLD CUP COLOMBIA 2011 (Colombia Vs Mali) (DELAY)
၃း၄၅	အောင်မြင်ရှင်သန်နေသော ရော်ဘာစိုက်ခင်းရရှိရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများ
၃း၅၅	အမြင့်သဘင်၏ ရုပ်သေးသမစဉ် (အပျိုတော်ခန်းနှင့်ဟိမဝန္တာခန်း)
၄း၁၀	စေတီတို့ရဲ့နောင်တော် တွံတေးရွှေဆံတော်
၄း၃၀	FIFA U-20 WORLD CUP COLOMBIA 2011 (Ecuador Vs Spain) (LIVE)

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပြည်တွင်း၊ ပြည်ပအားကစားသတင်းများ

မကွေးကိုအနိုင်ယူပြီး ရောဝတီယူနိုက်တက် ရှုံးပွဲမရှိစံချိန် ဆက်လက်ထိန်းသိမ်း

ရန်ကုန် ဩဂုတ် ၂

MNL Grand Royal 2011 အမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်(၁၂) ဒုတိယနေ့ပွဲစဉ်များကို ယနေ့ညနေ ၄ နာရီက သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့တွင် ဆက်လက်ကျင်းပရာ ရောဝတီယူနိုက်တက်အသင်းနှင့် ဥဿာယူနိုက်တက်တို့ နိုင်ပွဲများရရှိသွားသည်။

(သုဝဏ္ဏကွင်း)

ရောဝတီယူနိုက်တက် တစ်ဂိုး

(မင်းမင်းသူ)

မကွေး F.C ဂိုးမရှိ

ပထမအကျော့တွင် ရှုံးပွဲမရှိစံချိန်တင်ကာ အမှတ်ပေးဇယားတတိယနေရာတွင် ရပ်တည်နေသည့် ရောဝတီယူနိုက်တက်အသင်းမှာ မကွေး F.C ကို တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရပြီး ရှုံးပွဲမရှိစံချိန်ဆက်ထိန်းနိုင်ခဲ့သည်။ တိုက်စစ်တွင် အားထားရသည့် ဂျူပီတာ၊ မင်းမင်းထွန်း၊ အောင်ကျော်မျိုးတို့ မပါနိုင်၍ ရောဝတီအသင်းမှာ တိုက်စစ်ကို အပြောင်းအလဲပြုလုပ်ခဲ့ပြီး ၂၉ မိနစ်တွင် မင်းမင်းသူသွင်းယူသောဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မကွေးအသင်းမှာ အသစ်ခေါ်ထားသော လက်ဘန္ဒွန်လက်ရွေးစင်နောက်ခံလူ ရာမက်ဇ်ဒါရော့ဗ် အပါအဝင် လူစုံပါဝင်ခဲ့သော်လည်း အဆုံးသတ် အားနည်းခဲ့၍ ရှုံးရခြင်းဖြစ်သည်။ ၆၁ မိနစ်တွင် ရောဝတီနောက်ခံလူ မျိုးဝင်းထွဋ် နှစ်ဝါတစ်နီဖြင့် အထုတ်ခံရ၍ မကွေးF.C တစ်ယောက်အသာရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။

(အောင်ဆန်းကွင်း)

ဥဿာယူနိုက်တက် တစ်ဂိုး

(လစ်ပီလစ်ပီ)

Southern Myanmar ဂိုးမရှိ

ပွဲစဉ်(၁၂)အပြီးတွင် ရန်ကုန်ယူနိုက်တက်က ၂၉ မှတ်ဖြင့် ပထမ၊ ဇေယျာရွှေမြေက ၂၆ မှတ်ဖြင့် ဒုတိယ၊ ရောဝတီယူနိုက်တက်က ၂၆ မှတ်ဖြင့် တတိယ၊ ကမ္ဘောဇအသင်းက ၂၂ မှတ်ဖြင့် စတုတ္ထနေရာတို့တွင် ရပ်တည်နေကြသည်။

သတင်းမှတ်စုနှင့်ဓာတ်ပုံ ရှိုင်းထက်ဇော်

ရောဝတီယူနိုက်တက် အသင်းအတွက် အနိုင်ဂိုးကို မင်းမင်းသူ ဤသို့သွင်းယူနေစဉ်။

တိုင်းဒေသကြီးနှင့်ပြည်နယ် အလေးမပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂

(၄၃)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် အလေးမပြိုင်ပွဲနှင့် ၂၀၁၁ ခုနှစ် အမျိုးသားတံခွန်စိုက်အလေးမပြိုင်ပွဲကို ဩဂုတ် ၂၇ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပမည်ဖြစ်သည်။

(၄၃)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ်အလေးမပြိုင်ပွဲတွင် အပြည်ပြည်ဆိုင်ရာ အလေးမဥပဒေအရ "မ" နည်းတစ်မျိုးစီတွင် အမျိုးသားပြိုင်ပွဲ၌ ၂၆ ကီလို၊ အမျိုးသမီးပြိုင်ပွဲ၌ ၂၁ ကီလို စတင် "မ" နိုင်သူများဖြစ်ရမည်။ အမျိုးသားပြိုင်ပွဲတွင် ၅၆/၆၂/၆၉/၇၇/၈၅/+၈၅ ကီလိုတန်းများ ပါဝင်မည်ဖြစ်ပြီး အမျိုးသမီးပြိုင်ပွဲတွင် ၄၈/၅၃/၅၈/၆၃/+၆၃ ကီလိုတန်းများ ပါဝင်မည်ဖြစ်သည်။

အမျိုးသားတံခွန်စိုက် အလေးမပြိုင်ပွဲတွင် ကိုယ်အလေးချိန်အတန်းနှင့် ယှဉ်တွဲဖော်ပြထားသည့် စံချိန်အသီးသီးကို (ပထမ)အကြိမ်တွင် စတင် "မ" နိုင်သူများဖြစ်ရမည်။ အမျိုးသားပြိုင်ပွဲတွင် ၅၆ ကီလိုတန်း၌ ၁၇၉ ကီလို၊ ၆၂ ကီလိုတန်း၌ ၁၉၉ ကီလို၊ ၆၉ ကီလိုတန်း၌ ၂၁၄ ကီလို၊ ၇၇ ကီလိုတန်း၌ ၂၃၄ ကီလို၊ ၈၅ ကီလိုတန်း၌ ၂၅၄ ကီလိုနှင့် +၈၅ ကီလိုတန်း၌ ၂၆၉ ကီလိုတို့ ပါဝင်မည်ဖြစ်ပြီး အမျိုးသမီးပြိုင်ပွဲတွင် ၄၈ ကီလိုတန်း၌ ၁၃၂ ကီလို၊ ၅၃ ကီလိုတန်း၌ ၁၄၅ ကီလို၊ ၅၈ ကီလိုတန်း၌ ၁၅၇ ကီလို၊ ၆၃ ကီလိုတန်း၌ ၁၇၀ ကီလိုနှင့် +၆၃ ကီလိုတန်း၌ ၁၈၂ ကီလိုတို့ ပါဝင်မည်ဖြစ်သည်။

(သတင်းစဉ်)

ထိုင်းနိုင်ငံ၌ ကျင်းပသည့် ထိုင်းအပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ် ဂျူဒိုပြိုင်ပွဲ၌ နိုင်ငံအလိုက် စတုတ္ထနေရာကို ရရှိခဲ့သည့် အောင်ပွဲရ ဂျူဒိုအားကစားသမားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။

(သတင်းစဉ်)

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၂

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသော ၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပသည်။

အမှတ်(၂)နေပြည်တော်အားကစားကွင်း (ခခ)အုပ်စု

ဟိုတယ်/ခရီးဝန်ကြီးဌာန သုံးဂိုး

(အာကာမင်း၊ ဇော်ဝင်းထွန်း၊ ဇော်လွင်ဦး)

စီးပွား/ကူးသန်းဝန်ကြီးဌာန ဂိုးမရှိ

(ဒိုင်လူကြီး)ဦးသောင်းရွှေမိုး(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

နေပြည်တော်လယ်ဝေးအားကစားကွင်း (ခခ)အုပ်စု

လယ်ယာ/ဆည်မြောင်းဝန်ကြီးဌာန လေးဂိုး

(နေဝင်းထွန်း-နှစ်ဂိုး၊ ငြိမ်းတေဇာဝင်း-နှစ်ဂိုး)

သစ်တောရေးရာဝန်ကြီးဌာန နှစ်ဂိုး

(သီဟစိုး)

(ဒိုင်လူကြီး)ဦးဆန်းငွေး(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

၃-၈-၂၀၁၁ ရက် ပွဲစဉ်များ

အမှတ်(၂) နေပြည်တော်အားကစားကွင်း (ဂဂ) အုပ်စု

ဘဏ္ဍာ/အခွန် နှင့် ကာကွယ်ရေး

နေပြည်တော် လယ်ဝေးအားကစားကွင်း (ဂဂ) အုပ်စု

အားကစား နှင့် အလုပ်သမား

(၁၀၇)

အောင်ပွဲရ မြန်မာဂျူဒိုအားကစားသမားများအား ကြိုဆိုဂုဏ်ပြု

ရန်ကုန် ဩဂုတ် ၂

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဇူလိုင် ၃၀ ရက်မှ ၃၁ ရက်အထိ ကျင်းပခဲ့သည့် ထိုင်းအပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ်ဂျူဒိုပြိုင်ပွဲသို့ အရှေ့တောင်အာရှမှ ခုနစ်နိုင်ငံ၊ အာရှမှငါးနိုင်ငံ၊ ဥရောပမှတစ်နိုင်ငံ စုစုပေါင်း ၁၃ နိုင်ငံ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ မြန်မာနိုင်ငံက ရွှေတစ်၊ ငွေလေးနှင့် ကြေးနှစ်ခုဖြင့် နိုင်ငံအလိုက် စတုတ္ထနေရာကို ရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ (-၇၈) ကီလိုတန်းတွင် မအေးအေးအောင် (စက်မှု-၁)က အိမ်ရှင်ထိုင်းနိုင်ငံ အေကလပ်နှင့်ဗီကလပ်၊ သီရိလင်္ကာနိုင်ငံ တို့ကို ယှဉ်ပြိုင်အနိုင်ယူကာ မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်တစ်ခုကို ရယူပေးခဲ့ပြီး (-၄၈)ကီလိုတန်းတွင် မစဲလ်ဝီး(စက်မှု-၁)၊ (-၅၂)ကီလိုတန်းတွင် မသဥ္ဇာစိုး(ရထား)၊ (-၅၇)ကီလိုတန်းတွင် မဇင်မီမီသန်း(ရထား)နှင့် (-၇၀)ကီလိုတန်းတွင် မသန္တာဝင်း (စက်မှု-၁)တို့က ငွေတံဆိပ်ဆု လေးခု၊ (-၄၈)ကီလိုတန်းတွင် မခင်ခင်စု(စက်မှု-၁)နှင့်(+၇၈)ကီလိုတန်းတွင် မခင်မျိုးသူ(ရထား)တို့က ကြေးတံဆိပ် နှစ်ခုဖြင့် စုစုပေါင်း ဆုတံဆိပ် ခုနစ်ခု ဆွတ်ခူးရရှိခဲ့သည်။

အောင်ပွဲရ ဂျူဒိုအားကစားသမားများသည် ယမန်နေ့ည ၆ နာရီခွဲတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အားကစားသမားများ၊ မိဘဆွေမျိုးများနှင့် မိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုဂုဏ်ပြုကြသည်။

မြန်မာဂျူဒို လက်ရွေးစင်အဖွဲ့ ခေါင်းဆောင် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအေးကြည်၊ အုပ်ချုပ်သူ ဦးအောင်နိုင်ဆွေ၊ နည်းပြတစ်ဦး၊ ဒိုင်တစ်ဦးနှင့် အမျိုးသမီးအားကစားသမားရှစ်ဦး စုစုပေါင်း ၁၂ ဦးတို့ ပြန်လည်လိုက်ပါခဲ့ပြီး ဒိုင်နှစ်ဦးမှာလည်း ပူးတွဲကျင်းပသည့် JUA Referee Seminar IJF Continental Referee Examination Thailand 2011 ကို ဖြေဆိုအောင်မြင်ကာ အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီး လက်မှတ်ကို ရရှိခဲ့သည်။

(သတင်းစဉ်)

ချယ်လ်ဆီးအသင်း၏ ပြောင်းရွှေ့ကြေး တိုးမြှင့်ကမ်းလှမ်းခြင်း ခံရသည့် စပါးကွင်းလယ်ကစားသမား လူကာမော့ဒရစ်။

လူကာမော့ဒရစ်ကို ပေါင်သန်း ၃၀ တိုးမြှင့်၍ ချယ်လ်ဆီးကမ်းလှမ်းပြီ

လန်ဒန် ဩဂုတ် ၂

အင်္ဂလိပ် ပရီမီယာလိဂ် ပြိုင်ဘက်အသင်းများ အရှိန်အဟုန်ကောင်းစွာဖြင့် ကစားသမားသစ်များ ခေါ်ယူမှုပြုနေသော်လည်း နည်းပြသစ်နှင့် ပွဲထွက်လာမည့် ချယ်လ်ဆီးအသင်းမှာ ကစားသမားသစ်ခေါ်ယူမှု တုံ့နှေးလျက်ရှိနေသည်။

ချယ်လ်ဆီးနည်းပြသစ် ဗီးလတ်စ်ဘိုစ်သည် ကွင်းလယ်အင်အားကို ဖြည့်တင်းရန် ကြံရွယ်လျက်ရှိရာ ယခုအချိန်တွင် စပါးအသင်း၏ ကွင်းလယ်ကစားသမား လူကာမော့ဒရစ်ကို ပေါင်သန်း ၃၀ တိုးမြှင့်၍ ကမ်းလှမ်းလိုက်ပြီဖြစ်သည်။ ချယ်လ်ဆီး အသင်းသည် ယခင်က လူကာမော့ဒရစ်ကို ပေါင် ၂၂ သန်းဖြင့် တစ်ကြိမ်၊ ပေါင် ၂၇ သန်းဖြင့် တစ်ကြိမ် ကမ်းလှမ်းခဲ့ဖူးရာ နှစ်ကြိမ်လုံး စပါးအသင်း၏ ပယ်ချခြင်းကို ခံခဲ့ရသည်။

စပါးနည်းပြ ဟယ်ရီရက်နက်ပ်က မိမိတို့၏ ကစားသမားကို ဝိုက်ဟတ်လိန်းတွင်သာ ဆက်ထိန်းထားမည်ဟု ဆိုသော်လည်း ဗီးလတ်စ်ဘိုစ်က အဆိုပါ ခရိုအေးရှား လက်ရွေးစင်ကစားသမားကို ယခုနွေရာသီတွင် စတမ်းဖို့ဒ်ဘရက်ချ်အရောက်ခေါ်ယူရန် ဆန္ဒပြင်းပြလျက်ရှိနေသည်။ ချယ်လ်ဆီးအသင်းအနေဖြင့် ရှေ့တန်းနှင့် နောက်တန်းအတွက် ကစားသမားသစ်ခေါ်ယူမှုကို အလောသုံးဆယ်ပြုလုပ်ရန် မလိုအပ်သော်လည်း ကွင်းလယ်တွင် အဓိကအားထားရသည့် မိုက်ကယ်အက်ဆီယံမှာ ဒဏ်ရာပြဿနာဖြင့် ကြုံတွေ့နေရ၍ ၎င်း၏နေရာတွင် အစားထိုးရန် အဆင့်အတန်းမီ ကွင်းလယ်ကစားသမားတစ်ဦး မဖြစ်မနေ လိုအပ်လျက်ရှိနေသည်။

ESPN

ဘောလုံးလောက အပြောင်းအရွှေ့

ဩဂုတ် ၁ ရက်နှင့် ၂ ရက်တို့တွင် ဘောလုံးလောက၌ ဖြစ်ပေါ်ခဲ့သည့် အပြောင်းအရွှေ့များမှာ-

ဂျပ်စ်မင်ကာတစ်(ကွင်းလယ်) ပါလာမိုမှ ဗာရီဆီ၊ ဗူစီနစ် (တိုက်စစ်မှူး) ရိုးမားမှ ဂျူဗင်တပ်စ်၊ ဂီယာ(တိုက်စစ်မှူး)၊ ဖူလ်ဟမ်မှ ဝက်စ်ဘရွန်း၊ ဂွါန်နသန်စပက်တာ (နောက်တန်း) ဝက်စ်ဟမ်းမှ ဘာမင်ဂမ်နှင့် ဆီဘတ်စတိန်းဖာရေး(ဂိုး) ဖီအိုရင်တီးနားမှ ဂျီနိုအာတို့ဖြစ်သည်။

Goal

ဟန်သစ်

မင်းတုန်းမြို့နယ် အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲဖွင့်

နေပြည်တော် ဩဂုတ် ၂

မင်းတုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ဇူလိုင် ၃၁ ရက် ညနေပိုင်းတွင် မင်းတုန်းမြို့နယ် အားကစားကွင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသာညွန့်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ အဆိုပါ ပြိုင်ပွဲသို့ မြို့နယ်အတွင်းရှိ ဘောလုံးအသင်း ၁၈ သင်း ပါဝင်ယှဉ်ပြိုင်ကြကြောင်းသိရသည်။(မြို့နယ်ပြန်/ဆက်)

ရေတာရှည်၌ နှစ်လုံးထီရောင်းချသူဖမ်းမိ

ရေတာရှည် ဩဂုတ် ၂

နှစ်လုံးထီလောင်းကစားမှုများ ကင်းစင်ပပျောက်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ကြိုးပမ်းဆောင်ရွက်နေစဉ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းက ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာရဲစခန်းပိုင်နယ်မြေအတွင်း နှစ်လုံး ထီရောင်းချနေသူတစ်ဦးအား ဖမ်းဆီးရမိကြောင်း သိရသည်။

ဆွာရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ် သန်းနိုင် ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များ၊ သက်သေအုပ်ချုပ်ရေးမှူးများ လိုက်ပါလျက် ဇူလိုင် ၃၀ ရက် ည ၁၁ နာရီခွဲတွင် ဆွာမြို့ အရှေ့လေးမိုင်ခန့်အကွာ ကွမ်းအုံ ကျေးရွာနေ တင်ဦး (၅၃)နှစ် (ဘ) ဦးခွေးညို၏နေအိမ်၌ နှစ်လုံးထီလောင်းကစားမှုများ ပြုလုပ်နေကြောင်း သတင်းအရ ရှာဖွေဖမ်းဆီးခဲ့ရာ နှစ်လုံးထီရောင်းချသော စာရွက်စာတမ်းသက်သေခံပစ္စည်းများ ငွေစက္ကူရောရာ ၁၅၅၀၀ ကျပ်တို့ကို ဖမ်းဆီးရမိခဲ့၍ ဆွာရဲစခန်းမှ (ပ)၆၇/၂၀၁၁ လောင်းကစားဥပဒေပုဒ်မ ၁၅(က)/၁၆(က) ဖြင့် အမှုဖွင့် ဆောင်ရွက်ထားသည်။

(၅၇၈)

အနယ်နယ်အရပ်ရပ်မှမိတ်ဟောင်းမိတ်သစ်များအား အသိပေးအကြောင်းကြားခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အဆင့်မြင့်မင်္ဂလာဈေး၊ စတုတ္ထထပ်ရှိ ဆေးဝါး၊အလှကုန်နှင့် ခေါင်မိုးထပ်ရှိ စားသောက်တန်းမိသားစုများ၏ ဆိုင်များအားလုံး ၂၄-၅-၂၀၁၀ ရက်တွင် မီးလောင်ကျွမ်းခံခဲ့ရပြီး၊ မင်္ဂလာဈေးသစ် တတိယထပ်တွင် ယာယီသွားရောက်ရောင်းချခဲ့ရာမှ နိုင်ငံတော်၏မေတ္တာစေတနာဖြင့် အခမဲ့ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးသွားပြီဖြစ်ရာ ယခုအခါ ၁-၈-၂၀၁၁ ရက်မှစ၍ ယခင်မူလနေရာဖြစ်သော အဆင့်မြင့်မင်္ဂလာဈေးကြီး၏ မြေညီထပ်မှ စတုတ္ထထပ်နှင့် ခေါင်မိုးထပ်အထိ ဆိုင်ခန်းများအားလုံး တစုတဝေးတည်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ပြန်လည်၍ စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ရောင်းချနေပြီဖြစ်ပါကြောင်း အနယ်နယ်အရပ်ရပ်ရှိ မိဘပြည်သူများနှင့် မိတ်ဟောင်းမိတ်သစ်များအားလုံးသို့ အသိပေးအကြောင်းကြားအပ်ပါသည်။

အဆင့်မြင့်မင်္ဂလာဈေး စတုတ္ထထပ်
ဆေးဝါး၊အလှကုန်နှင့်စားသောက်တန်း မိသားစုများ

Technical Service Co., Ltd.

[illegible]



ဩဂုတ်လထုတ် ဓမ္မရိပ်မဂ္ဂဇင်း

၂၀၁၁ ဩဂုတ်လထုတ် အတွဲ (၄) အမှတ်(၈) ဓမ္မရိပ်မဂ္ဂဇင်းကို စာဖတ်ပရိသတ်ထံသို့ ဖြန့်ချိလိုက်ပြီဖြစ်ရာ ထိုမဂ္ဂဇင်းတွင် အပြင်က သယံဇာတများ၏ လုံခြုံမှုမှာ ရင်ထဲက သယံဇာတ ကြွယ်ဝသူတို့လက်၌သာ အလုံးစုံတည်နေသည်ဟု ဆိုလိုက်ချင်ပါသည် ဆိုသည့် 'အယ်ဒီတာအာဘော်'၊ စင်ကာပူ အတွေ့အကြုံပေါ် ခံစားရေးသားလိုက်သော အောင်သင်း၏ 'သာသနာပြု မူကြို'၊ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်(ရန်ကုန်) ကျောင်းဆောင်သစ်ဖွင့်ပွဲ၏ ထူးကဲသည့် အခမ်းအနားအစီအစဉ်နှင့် သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၏ တရားတော်တို့ကို ကိုယ်တွေ့ကြားနာ သဒ္ဒါပွားထားသော ကိုကြွယ် (ဟသ်ာတ)၏ 'အနုဂါမိက ရွှေအိုး'၊ မှတ်ဖွယ်မှတ်ရာ ထိုထိုစာ-ဇအဖြစ် ကျမ်းဂန်များကို မွှေနှောက်တင်ပြနေသော မြဝင်း(ဒဿန)၏ 'မန်လည်ဆရာတော်၏ ကမ္မဋ္ဌာန်းပေါင်းချုပ်ကျမ်းကြီး' စသည်တို့နှင့်အတူ ပုံမှန်ကဏ္ဍအလိုက် ထူးခြားသည့် ဓမ္မ သုတ ရသ အတွေးအမြင်များကို စုစည်းတင်ပြထားသည်။

မခင်လေး၏ ကောင်းကင်သစ်အတွက် မက်တဲ့အိပ်မက်စာအုပ် ထုတ်ဝေဖြန့်ချိ

စာရေးဆရာမ မခင်လေး၏ "ကောင်းကင်သစ်အတွက်မက်တဲ့အိပ်မက်" စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

အဆိုပါ စာအုပ်တွင် ဖတ်သူမဲ့တဲ့စာ၊ အိပ်မက်ခဏမက်ပါရစေ၊ ပန်းပြတ်ခိုက်ကြုံ ပန်းအိုးနဲ့ပန်း၊ ကောင်းကင်သစ်အတွက် မက်တဲ့အိပ်မက်၊ ဂေါက်ကွင်းသီအိုရီစသည့် မဂ္ဂဇင်းဝတ္ထုရှည် ၁၀ ပုဒ်ကို စုစည်းဖော်ပြထားကြောင်း သိရသည်။

စာရေးသူက ၎င်း၏စာအုပ်ကိုကောင်းကင်သစ်အတွက် အိပ်မက်နေသူအားလုံးအတွက် စုစည်းထုတ်ဝေလိုက်ခြင်းဖြစ်ကြောင်း ရည်ညွှန်းထားသည်။

ယင်းစာအုပ်ကို စိတ်ကူးချိုချိုစာပေမှ ထုတ်ဝေပြီး နန်းဒေဝီစာပေမှ တစ်အုပ်လျှင် ငွေကျပ် ၂၀၀၀ဖြင့် ထုတ်ဝေဖြန့်ချိလိုက်သည်။

ရန်ကုန်ခရီးသွားဂျာနယ် အတွဲ(၄) အမှတ်(၈) ထုတ်ဝေဖြန့်ချိ

မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ(ရန်ကုန်တိုင်းဒေသကြီး)က ရန်ကုန်ခရီးသွားဂျာနယ် အတွဲ(၄) အမှတ်(၈)ကို ဇူလိုင် ၂၈ ရက်တွင် ထုတ်ဝေဖြန့်ချိလိုက်သည်။

ရန်ကုန်ခရီးသွားဂျာနယ်ကို ရန်ကုန်မြို့ စာအုပ်ဆိုင်ကြီးများ၊ မထသဌာနခွဲများနှင့် ဂိတ်များ၌ရနိုင်ပြီး စာမူနှင့် ကြော်ငြာကိစ္စများအတွက် ဆက်သွယ်လိုပါက အမှတ်(၄၇၄) သိမ်ဖြူလမ်း ကန်တော်ကလေးစာတိုက်ရှေ့ ဖို့မြေရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၁၈၅၈ သို့ ဆက်သွယ်နိုင်သည်။

ငါးလုပ်ငန်းရုံးချုပ်၌ သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနနှင့် EU ကော်မရှင်တို့ ပူးပေါင်းကျင်းပသည့် သင်တန်းဆင်းပွဲကို ဇူလိုင် ၂၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမဆောင်၌ ကျင်းပရာ အခမ်းအနားသို့ ငါးလုပ်ငန်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေးတက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။**(အောက်ပုံ)**

ထို့နောက် EU ကော်မရှင်၏ Senior Food Quality & Safety Advisorဖြစ်သူMs. Else Marie Andersen က မြန်မာနိုင်ငံမှ မွေးမြူရေးကဏ္ဍ ရေထွက်ပစ္စည်းများအား ဥရောပနိုင်ငံများ ဈေးကွက်သို့ တင်ပို့နိုင်ရန် EU နိုင်ငံများ၏ လိုအပ်ချက်များအကြောင်း ရှင်းလင်းတင်ပြပြီး ငါး၊ ပုစွန်မွေးမြူရေးထုတ်ကုန်များတွင် ဓာတုဗေဒနှင့် တိရစ္ဆာန်ဆေးဝါးဓာတ်ကြွင်းများ စောင့်ကြပ်စစ်ဆေးမည့် အစီအစဉ် (National Drug Residue Monitoring Plan) များ ရေးဆွဲကြသည်။ ငါးလုပ်ငန်းဦးစီးဌာန အရည်အသွေး စစ်ဆေးရေးဓာတ်ခွဲခန်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဝင်းနှင့် ဦးသက်နိုင်တို့က EU ကော်မရှင်၏ သတ်မှတ်ချက်များနှင့်အညီ ဓာတ်ခွဲခန်း စစ်ဆေးဆောင်ရွက်မှုများ အခြေအနေအား ရှင်းလင်းတင်ပြပြီး ပြည်ပပို့ကုန်နှင့် အရည်အသွေးစစ်ဆေးရေးဌာန FIQC ညွှန်ကြားရေးမှူး ဦးဝင်းမြင့်မောင်က ရေချိုမွေးမြူရေးထွက်ကုန်များ EU ဈေးကွက်တင်ပို့နိုင်ရေး အခြေအနေများကို ရှင်းလင်းတင်ပြသည်။

(ငါးလုပ်ငန်းဦးစီးဌာန)

နိုင်ငံတကာအလုပ်အကိုင်သင်တန်း ဖွင့်လှစ်မည်

ရန်ကုန် ဩဂုတ် ၂

နိုင်ငံတကာရှိ Hotel များ Restaurant များနှင့် အပျော်စီးသင်္ဘောလိုင်းများတွင် တာဝန်ထမ်းဆောင်လိုသူများ အတွက် Hospitality Service & Operation Course သင်တန်းအပတ်စဉ်အသစ်ကို ဩဂုတ်ဒုတိယပတ်အတွင်း မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းအဖွဲ့(MTB)၏ အသိအမှတ်ပြု Star Resources Hospitality & Tourism Management Academy ၌ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်းသိရသည်။

သင်တန်းကာလအတွင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းအမျိုးမျိုးတွင် အလုပ်အကိုင်အခွင့်အလမ်း ပေါများသော F&B Service (အစားအသောက် တည်ခင်းဝန်ဆောင်မှုအတတ်ပညာ-waiter/Waitress)၊ Housekeeping Operation (ဟိုတယ်အတွင်း သပ်ရပ်လှပအောင် ထိန်းသိမ်းခြင်း အတတ်ပညာ-Room Attendant)၊ Bar Department များတွင်ပါ အလုပ်လုပ်ကိုင်နိုင်သော Wine Service & Cocktail ဖျော်စပ်နည်းများ၊ The Art of Napkin Folding တို့အပြင် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများအကြောင်း၊ Hotel Operations ဧည့်ဝတ်ကျေပွန်မှုအတတ်ပညာ Customer Services စသည်တို့ကို National Vocational Qualification (UK) နှင့် Institute of AH & LA(USA) မှ Course Guide Line များနှင့်အညီ International Five Star Hotel များတွင် တာဝန်ထမ်းဆောင်ခဲ့သူများကိုယ်တိုင် တတ်မြောက်ကျွမ်းကျင်အောင် စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်သည်။

စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality & Tourism Management Academy တိုက်(၂၆၇) အခန်း(၃၀၂) ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ဖုန်း-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆၊ ၀၉-၅၀၂၀၃၀၂ တို့သို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင်သည်။

(ကြေးမုံ)

အစုအဖွဲ့ပိုင်သစ်တော အသုံးပြုသူများသို့ ညောင်ရွှေမြို့နယ်၌ အသေးစားချေးငွေထုတ်ပေး

ညောင်ရွှေ ဩဂုတ် ၂

ရှမ်းပြည်နယ် သမဝါယမဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့မှ ညောင်ရွှေမြို့နယ် တောင်ပို့ကြီးကျေးရွာအုပ်စု လွယ်ငြိမ့်ကျေးရွာ၌ ဩဂုတ် ၁ ရက် နံနက်ပိုင်းတွင် ဒေသခံပြည်သူများ အစုအဖွဲ့ပိုင်ဧက ၆၀၀ သစ်တော အသုံးပြုသူအဖွဲ့ဝင်များသို့ သမဝါယမဦးစီးဌာနမှအသေးစားချေးငွေထုတ်ပေးခြင်း အခမ်းအနား ကျင်းပရာ ရှမ်းပြည်နယ်သမဝါယမဦးစီးဌာနမှ လွယ်ငြိမ့်ကျေးရွာ ဒေသခံပြည်သူများသို့ တစ်ဦးလျှင်ငွေကျပ်၈၀၀၀၀ နှုန်းဖြင့် အဖွဲ့ဝင် ၅၀ အတွက် ငွေကျပ် သိန်း ၄၀ ကို ထုတ်ပေးရာ ဒေသခံပြည်သူများကိုယ်စား အဖွဲ့ဝင် ခေါင်းဆောင်များက လက်ခံရယူကြသည်။

(၆၇၅)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ရမည်းသင်းမြို့ ကျီးနီကန်ရေသောက်ဖြင့် စိုက်ပျိုးထားသော ဘက်စုံစိုက်ခင်းမှ တောင်သူကြီး ဦးကိုကိုလတ်၏ နွေစပါးစိုက်ခင်းကို တွေ့ရစဉ်။

ကျီးနီကန်ရေသောက်ဖြင့် စိုက်ပျိုးရေး ဘက်စုံဖွံ့ဖြိုး

ရမည်းသင်းမြို့ တောင်ဘက်ရှိ ကြေးနီကန်(သို့မဟုတ်) ကျီးနီကန်အား ဆည်မြောင်းဦးစီးဌာနက သာယာလှပ ဖွံ့ဖြိုးတိုးတက်အောင် ပြုလုပ်ထားသည်ကို ကြားသိနေရသဖြင့် စာရေးသူသည် ရမည်းသင်းမြို့ ဆည်မြောင်းဦးစီးဌာနရုံးမှ မြို့နယ် ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ ဦးစိုင်းဝဏ္ဏနှင့်အတူ ကျီးနီကန်သို့ ရောက်ရှိခဲ့သည်။

ကျီးနီကန်သည် ရှေးမြန်မာမင်းများလက်ထက်က တည်ဆောက်ခဲ့သော ကန်တစ်ကန်ဖြစ်ပြီး ၂၀၁၁ ခုနှစ် ဧပြီလဆန်းမှစပြီး ခွင့်ပြုရန်ပုံငွေဖြင့် လုပ်ငန်းများ စတင်၍

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ

သတင်းထောက်ညွှန့်ရွှေ

နေပြည်တော်လွှတ်တော်ရုံးသို့ လွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန်

နေပြည်တော် ဩဂုတ် ၂

လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးများကို နေပြည်တော်ရှိ လွှတ်တော်အစည်းအဝေးခန်းမများ၌ ၂၀၁၁ ခုနှစ် ဩဂုတ် ၂၂ ရက် (တနင်္လာနေ့)တွင် စတင်ကျင်းပရန် ခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားပြီးဖြစ်သည်။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်လွှတ်တော်ရုံးသို့ ၂၀၁၁ ခုနှစ် ဩဂုတ် ၁၈ ရက်ထက် မစော၊ ၁၉ ရက်ထက် နောက်မကျစေဘဲ သတင်းပို့ကြရန်နှင့် ကိုယ်စားလှယ်အသိအမှတ်ပြုလွှာနှင့် ကိုယ်စားလှယ်စိစစ်ရေးကတ်ပြားတို့ကို ယူဆောင်လာကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မုတ်သုံလေ အားအလွန်ကောင်းလျက်ရှိ

နေပြည်တော် ဩဂုတ် ၂

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းလျက်ရှိနေပြီး နောက် ၇၂ နာရီအထိ ဆက်လက်အားကောင်းနေမည်ဟု ခန့်မှန်းရသည်။

အနောက်တောင်မုတ်သုံလေ အားကောင်းမှုနှင့်အတူ မုတ်သုံမိုးအခြေအနေမှာ မြစ်ဝကျွန်းပေါ်ဒေသများအပါအဝင် ကမ်းရိုးတန်းဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းလျက်ရှိပြီး ဒေသအချို့တွင် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နေသည်။ အဆိုပါ မုတ်သုံမိုးအခြေအနေမှာ နောက် ၇၂ နာရီအတွင်း ကမ်းရိုးတန်းဒေသများဖြစ်သည့် ရခိုင်ကမ်းရိုးတန်းဒေသများ၊ မြစ်ဝကျွန်းပေါ်၊ မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်ရှိ ဒေသများတွင် ဆက်လက်၍ မိုးရွာနိုင်ပြီး နေရာကွက်၍ မိုးကြီးခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။ မြန်မာ့ပင်လယ်ပြင်တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်ပြီး တစ်ခါတစ်ရံ မိုင် ၄၀ အထက် တိုက်ခတ်နိုင်သည်ဟု ခန့်မှန်းရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

မဒေါက်မြို့၌ စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ် ရောက်ရှိနိုင်

နေပြည်တော် ဩဂုတ် ၂

စစ်တောင်းမြစ်ရေသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၀၅၂ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၇၀ စင်တီမီတာသို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)